# မုံရွာတက္ကသိုလ်ကျောင်းသားသာသနာလုပ်ငန်း (ခရစ်တော်၏ သာသနာ့အကျိုးဆောင်အဖွဲ့)

















# မုံရွာတက္ကသိုလ်ကျောင်းသားသာသနာလုပ်ငန်း (ခရစ်တော်၏ သာသနာ့အကျိုးဆောင်အဖွဲ့)

ဘုရားသခင်က အရမ်းချစ်စရာကောင်းလွန်းလှပါတယ်။ မလွယ်ကူတဲ့အခြေအနေ ၊ခက်ခဲတဲ့နေရာမှာနေရပေမဲ့ သူ့ရဲ့အမှုတော်မြတ်လုပ်ငန်းအတွက် အသုံးတော်ခံချင်တဲ့ မုံရွာတက္ကသိုလ်ကျောင်းသားသာသနာလုပ်ငန်း (ခရစ်တော်၏ သာသနာ့အကျိုးဆောင်အဖွဲ့)ကို အသုံးပြုခွင့်ပေးပါတယ်။

၂၀၂၄ ခုနှစ် တစ်နှစ်တာပတ်လုံး ဧဝံဂေလိဟောပြောခြင်းကို ဆူးလေကုန်း၊ ထန်းတောကျွန်းဆွယ်၊ ချမ်းမြဝတီ၊ ချမ်းမြသာစည်၊ အောင်ချမ်းသာ၊ အလယ်ရပ်နှင့် ဒေါနခြံရပ်ကွက်များတို့၌ ကျွန်မတို့၏ ဝိညာဉ်သားသမီးများနှင့်အတူ ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် အပြစ်ခွင့်လွှတ်ခြင်းအကြောင်းကို ဝေမျှနိုင်ခဲ့ပါတယ်။ ဒ့ါပြင် ကလေးများနှင့်မိဘများထံသို့ တစ်အိမ်တက်ဆင်း (Prayer, Care, Share) အားဖြင့်သော်လည်းကောင်း၊ အုပ်စုလိုက် (OCC)သင်တန်းများအားဖြင့်သော်လည်းကောင်း၊ ခရစ္စမတ်အစီအစဉ်(ဆရာမကြီးဒေါ်ခင်နှင်းဝေ၏ ကလေးသူငယ်လက်ဆောင်များပေးခြင်း)အားဖြင့် မြို့ပေါ်ရှိ မက်သဒစ်အသင်းတော်၊ ချင်းတွင်းနှစ်ခြင်းအသင်းတော်၊ ကရင်နှစ်ခြင်းအသင်းတော်၊ လွတ်မြောက်ခြင်းအသင်းတော်၊ ညီအစ်ကိုများအသင်းတော်နှင့် ဆားကျင်းသာသနာ့ကွင်းများတို့၌ လူပေါင်း (၁၅၄၀)ဦးတို့အား ဧဝံဂေလိဝေမျှနိုင်ခဲ့ပါတယ်။

ထို့ပြင် ချင်းတွင်းနှစ်ခြင်းအသင်းတော်နှင့်လက်တွဲပြီး ဆရာအတတ်သင်ကျောင်းနှင့် အားကာသိပ္ပံကျောင်းများရှိ ကျောင်းသူ/သားများအား Bible Study ပြုလုပ်နိုင်ခွင့်ရခဲ့ပါတယ်။ အသင်းတော်(၃)ပါး၌ အပတ်စဉ် Sunday School သင်ကြားခြင်း၌လည်း ပါဝင်ကူညီလုပ်ဆောင်ပေးလျက်ရှိပါတယ်။ ပြုစုပျိုးထောင်ခြင်း၌ အထက်တန်းကျောင်းသူ/သား (၃၆)ဦးကို အပတ်စဉ်ပြုစုပေးလျက်ရှိပါတယ်။ Online ဖြင့် အဝေးရောက် တက္ကသိုလ်ကျောင်းသူ/သား(၁၂) ဦးကိုလည်း အပတ်စဉ် ပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။

လက်ရှိမှာတော့ Staff (၂)ယောက်နှင့် Volunteer Staff (၂)ယောက်ဖြင့် လုပ်ဆောင်ခွင့်ကို ဘုရားပြင်ဆင်ပေးပါတယ်။ ဒီနှစ်ရဲ့ထူးခြားချက်ကတော့ ချစ်သူများနေ့ကိုအမှီပြုပြီး ကျောင်းသူ၊ ကျောင်းသား(၄၄)ဦးက သူတို့ကိုယ်တိုင် သူတို့ရဲ့သူငယ်ချင်း(၉၇)ဦးအား ချောကလက်များပေးပြီး ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအကြောင်းကို ဝေမျှနိုင်ခဲ့ပါတယ်။

ကျွန်မတို့၏လုပ်ဆောင်မှုများအပေါ် ဘုရားသခင်၏လမ်းပြမှုအားဖြင့် လက်တွဲပါဝင်ကူညီပေးကြသော Ministry Partner များနှင့် မိသားစုဝင်များအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဘုရားသခင်ကောင်းချီးပေးပါစေ။ အစေခံပါဝင်ဖို့ ခွင့်ပြုပေးသော အသင်းတော်အသီးသီးမှ သင်းအုပ်ဆရာများနှင့်တကွ အသင်းတော်ကြီးများအပေါ်သို့လည်း ဘုရားသခင်ကောင်းချီးပေးပါစေ။

ဆက်လက်ပြီး မုံရွာမြို့ပေါ်၌ ကျန်းမာဘေးကင်းစွာဖြင့် အမှုတော်လုပ်ငန်းလုပ်ဆောင်နိုင်ရန် အထူးသတိရဆုတောင်းခြင်းဖြင့်လည်း ပါဝင်ပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။ အချိန်ပြည့်အမှုတော်ဆောင်များ၊ ဆပွားတိုးတပည့်တော်များနှင့် ယုံကြည်ခြင်းသူရဲကောင်းများ ပေါ်ထွက်လာရန်လည်း ဆုတောင်းကူကြပါရှင့်။

အားလုံးကို ချစ်ခင်လေးစားလျက် အမှုတော်မြတ်၌ –


ဆရာမဒေါ်ဖြူဖြူစန်း

ဆရာမအေးမြတ်မွန်

ခရစ်တော်၏သာသနာ့အကျိုးဆောင်အဖွဲ့

ကျောင်းသားသာသနာလုပ်ငန်း

မုံရွာမြို့



# ကမ္ဘာမြေကြီးကိုကယ်တင်ပေးပါ

- တိမ်ပလီနွေနှောင်း ရာသီကပြောင်း
  ပူလိုက် အေးလိုက်
  စိုလိုက် ခြောက်လိုက်၊ သဲလိုက်
  ရာသီထဲမှာ။

- ကမ္ဘာကြီးလည်းပြောင်း လူတွေကလည်းဟောင်း
  စိုးရိမ်စရာ၊ ပူပင်စရာ
  မီးရေး၊ ထင်းရေး၊ စစ်ရေး
  နိုင်ငံရေး၊ လူမှုရေး
  သုံးပါးမက အရေးများက
  ကိစ္စများမြှောင်လူတို့ဘောင်ထက်
  ပြိုကျပျက်စီး ပျောက်ဆုံးဝိညာဉ်များစွာပင်။

- ရှေးထုံးလည်းမပယ် ဈေးသုံးလည်း မကြွယ်ဘဲ
  ဆန်ဈေး၊ ဆီဈေး၊ အသားငါးဈေး
  ကျဖို့မမြင် တက်ဖို့သာပြင်
  ဒါထက်မက ပြေးဖို့၊ လွှားဖို့၊ ရှောင်ပုန်းဖို့
  ကမ္ဘာမြေထဲ သူသူငါငါ
  အားလုံးပါပဲ။

- ကုရာနတ္ထိ ဆေးပေးမီးယူ မရှိ
  အကြင်နာတရား စာနာသနားငဲ့ညှာ မရှိပါ။
  ကျောက်သားအသည်းနှလုံးနဲ့လူများစွာ
  ကယ်ပါ ယူပါ တစာစာအော်လည်း
  ငရဲထဲက အော်သံသဖွယ်
  ကယ်သူဝေးလို့ သောကမျက်ရည်လည်။

- ဩော်... သနားပါဘိ
  လူသားအသည်း ကျောက်စရစ်ခဲလို
  ဇာတိအလို တကယ်မိုက်တယ်ဆိုရင်
  ကမ္ဘာကြီးငြိမ်းချမ်းဖို့
  မှန်ကန်မြန်ဆန် စိတ်နှလုံးအကြံ
  ထာဝရဘုရားထံအပ်နှံ
  မေတ္တာလက်နက် ချစ်ခြင်းဖက်လို့။

- "ငါသည် လမ်းခရီး၊ သမ္မာတရား၊ အသက်လည်းဖြစ်၏။
  ငါ့ကိုအမှီမပြုလျှင် အဘယ်သူမှ ခမည်းတော်ထံ မရောက်ရ"
  (ယော ၁၄း၆)
  ဆိုစကား အလေးထားကာ
  ဖန်ဆင်းစက ကမ္ဘာမြေ သက်သေတည်စေဖို့
  ဓားလှံလက်နက် မကိုင်ဆွဲဘဲ
  ငြိမ်းချမ်းရေးသခင် ချိုးငှက်အသွင် ဆင်းသက်ကြွလာ
  ကမ္ဘာမြေကို ကယ်တင်ပေးပါ
  ကယ်တင်ရှင်အဖ ထာဝရဘုရား။ အာမင်။

**ဆရာမခင်ရီ (မနက်ခင်းလားရှိုး)**

## အယ်ဒီတာ့အာဘော်



# ငြိမ်းချမ်းပါစေ ကမ္ဘာမြေ

ယနေ့ခေတ် ကမ္ဘာလောကကြီး၏ အခြေအနေက အုတ်အော်သောင်းနင်း၊ ပရမ်းပတာနှင့် မတည်ငြိမ်မှုများစွာကို တွေ့မြင်နေရသည်။ စိုးရိမ်ထိတ်လန့်စရာ၊ မကြားဝံ့မနာသာသတင်းများကလည်း စိတ်နှလုံးမချမ်းမြေ့စရာများ ဖြစ်နေသည်။ အချို့နေရာများက စစ်ဖြစ်နေကြသည်။ အချို့နေရာများက စစ်လက်နက်များအပြိုင်တပ်ဆင်၍ နိုင်ငံချင်းအားပြိုင်နေကြသည်။ မတရားမှုများက အားကောင်းနေကြသည်။ နည်းပညာပိုင်းဆိုင်ရာတို့ကလည်း လိုက်၍မမှီနိုင်လောက်အောင် အံ့မခန်းဖွယ် လျင်မြန်စွာတိုးတက်နေသည်။ ကမ္ဘာနှင့်အဝန်းတိုးတက်မှုများကို မြင်တွေ့နေရသော်လည်း မမြင်ရသောနောက်ကွယ်၌ ဆုတ်ယုတ်မှုများစွာရှိနေသည်။

လူတို့၏အထဲ၌ တစ်ကိုယ်ကောင်းဆန်ခြင်း၊ ရန်လိုမုန်းတီးခြင်း၊ ခွင့်မလွှတ်နိုင်ခြင်း၊ အတ္တမာန်မာနကြီးခြင်း၊ ကိုယ်ကျိုးစီးပွားမှုဝါဒများဖြင့် ကြီးနိုင်ငယ်ညှဉ်း၊ မတရားခေါင်းပုံဖြတ်မှုများက ဘုရားသခင်၏ဖန်ဆင်းခံကမ္ဘာ၌ အရုပ်ဆိုးအကျည်းတန်စေပါသည်။ မတရားသဖြင့်ခံရမှုများအတွက် တန်ပြန်အကျိုးသက်ရောက်စေဖို့ ဟမ်မူရာဘီ၏ ''ကိုဓဥပဒေ''(Code of Hammurabi)သည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးသော ဥပဒေရေးသားဖော်ပြချက်အဖြစ် သမိုင်းတွင်တွေ့ရသည်။ မက်ဆိုပိုးတေးမီးယားရှိ ရှေးဗာဗုလုန်နိုင်ငံမှ တရားဥပဒေစီရင်ချက်ဖြစ်ပြီး ဗာဗုလုန်၏ ဆဋ္ဌမမြောက်ဘုရင်ဟမ်မူရာဘီ(ဘီစီ ၁၈၁၀–ဘီစီ ၁၇၅၀)က ကျောက်ချပ်(၁၂)ချပ်ပေါ်၌ ရေးသားခဲ့ခြင်းဖြစ်သည်။ ဥပဒေပုဒ်မ(၂၈၂)ခန်းပါရှိပြီး ခံရသူက ပြန်လည်လက်စားချေ လုပ်ဆောင်ခွင့်ပြုသည့် ''am eye for an eye, a tooth for a tooth'' က ထင်ရှားသည်။ မောရှေ၏ ပညတ္တိကျမ်း၌လည်း ''မျက်စိအတွက် မျက်စိကိုဒင်း၊ သွားအတွက် သွားကိုဒင်း...... ခံရမည်''ဟု (ထွက် ၂၁း၂၃–၂၇)တွင် ဖော်ပြထားပါသည်။

သို့သော်လည်း တောင်ပေါ်ဒေသနာ၌ သခင်ယေရှု၏သွန်သင်ချက်က ထိုတရားဥပဒေတို့နှင့် ဖီလာဆန့်ကျင်လျက်ရှိသည်ကို တွေ့ရသည်။ ယေရှုက ''သူ့မျက်စိကိုဖျက်လျှင် ကိုယ်မျက်စိဖျက်ခြင်းကို ခံစေ။ သူ့သွားကိုချိုးလျှင် ကိုယ်သွားချိုးခြင်းကိုခံစေဟူသော ပညတ်စကားကို သင်တို့ကြားရပြီ။ ငါပညတ်သည်ကား၊ နှောင့်ယှက်သောသူကို မဆီးမတားနှင့်။ သင်၏ပါးတစ်ဖက်ကို သူတစ်ပါးပုတ်လျှင် ပါးတစ်ဖက်ကို လှည့်၍ပေးဦးလော့။ သင့်အင်္ကျီကိုယူလို၍ တရားတွေ့သောသူအား သင့်ဝတ်လုံကိုလည်းယူစေခြင်းငှါ အခွင့်ပေးဦးလော့။ အကြင်သူသည် သင့်ကိုအနိုင်ပြု၍ ခရီးတစ်တိုင်သွားစေ၏။ ထိုသူနှင့်တကွ နှစ်တိုင်သွားဦးလော့။ တောင်းသောသူအား ပေးလော့။ ချေးငှါးလိုသောသူကိုလည်း မငြင်းမပယ်နှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့။ ရန်သူကိုမုန်းလော့ဟူသော ပညတ်စကားကို သင်တို့ကြားရပြီ။ ငါပညတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ သားဖြစ်လိုသောငှါ၊ သင်တို့၏ ရန်သူတို့ကိုချစ်ကြလော့။ သင်တို့ကိုကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင့်ယှက်ညှဉ်းဆဲသောသူတို့အဖို့ ဘုရားသခင်ကို ဆုတောင်းကြလော့''(မဿဲ ၅း ၃၈–၄၄)ဟု ဆိုပါသည်။

သခင်ယေရှုဘုရားသည် မိမိသွန်သင်သည့်အတိုင်း လက်တွေ့လိုက်လျှောက် ကျင့်သုံးခဲ့ပါသည်။ ကားတိုင်ထက်၌ ပြင်းပြစွာဝေဒနာခံစားရင်း ''အိုအဘ၊ သူတို့၏အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြ''ဟု မြွက်ဆိုခဲ့ပါသည်(လု ၂၃း၃၄)။ ထို့ကြောင့် ခရစ်တော်၏စိတ်သဘောရှိမည်ဆိုပါက ဤလောကကမ္ဘာမြေသည် ငြိမ်းချမ်းမည်၊ ခွင့်လွှတ်နိုင်မည်၊ မေတ္တာတရားပွားများနိုင်မည်။ ကမ္ဘာမြေငြိမ်းချမ်းပါစေ။

**မူမူဝင်း (အယ်ဒီတာ)**



# မင်္ဂလာရှိသော ယုံကြည်ခြင်း

Rev. အောင်သက်ညွန့်

**ကမ္ဘာပေါ်တွင် ဘာသာများစွာရှိကြသည့်အနက် ခရစ်ယာန်ဘာသာတစ်ခုတည်း၌သာ ယုံကြည်ခြင်းနှင့်အကျင့်ကို အဓိကထားပြီး ညီညွတ်မျှတစွာ ကျင့်ကြံအသက်ရှင် နေထိုင်လျက်ရှိနေပါသည်။ ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော ဘုရားသခင်သည်လည်း တစ်ဆူတည်းရှိတော်မူပါသည်။**

## (က) မြင်ရတွေ့ရ၊ ကိုင်တွယ်ရမှ ယုံကြည်ခြင်း

"မြင်ရတွေ့ရ၊ ကိုင်တွယ်ရမှ ယုံကြည်သော" ဥပမာ(၂)ခုကို ပေးပါရစေ။ ပထမမှာ ယာကုပ်၏ မြင်မှယုံကြည်ခြင်းကို(ကမ္ဘာ ၄၅း၂၅–၂၈)တွင် ဖော်ပြထားပါသည်။

"ထိုသို့ အဲဂုတ္တုပြည်မှထွက်သွား၍၊ ခါနာန်ပြည် အဘယာကုပ်ထံသို့ရောက်ကြလျှင်၊ ယောသပ်သည် အသက်ရှင်သေး၏။ အဲဂုတ္တုပြည်လုံးကိုအုပ်စိုးရ၏ဟု ကြားပြောကြသည်ရှိသော်၊ ယာကုပ်သည် စိတ်နှလုံးလျော့၏။ သူတို့စကားကို မယုံနိုင်။ သူတို့သည်လည်း ယောသပ်ပြောသမျှသောစကားတို့ကို ပြန်ပြောကြ၏။ အဘယာကုပ်သည် မိမိစီးစရာဖို့ ယောသပ်ပေးလိုက်သော လှည်းတို့ကို မြင်သောအခါ စိတ်နှလုံးအားဖြည့်ပြန်၏။ ဣသရေလကလည်း၊ တန်တော့။ ငါ့သား ယောသပ်အသက်ရှင်သေး၏။ ငါမသေမီ သူ့ကို သွား၍ကြည့်မည်ဟု ဆို၏"။ ဒုတိယဥပမာကတော့ တမန်တော်(၁၂)ပါးအဝင် "သောမ"ဖြစ်ပါသည်။

"ထိုသို့ ယေရှုသည် ကြွလာတော်မူသောအခါ တမန်တော်တစ်ကျိပ်နှစ်ပါးအဝင်၊ ဒိဒုမုဟုအမည်ရှိသော သောမသည် ထိုတပည့်တော်တို့နှင့် အတူမရှိ။ ထိုသူတို့ကလည်း၊ အကျွန်ုပ်တို့သည် သခင်ကို မြင်ရကြပြီဟု သောမအားပြောဆိုကြလျှင်၊ သောမက၊ လက်တော်၌ သံရိုက်ရာချက်ကိုမမြင်၊ သံရိုက်ရာချက်ကို လက်ညှိုးနှင့်မတို့မစမ်း၊ နံဘေးတော်ကိုလည်း လက်နှင့်မစမ်းမသပ်ရလျှင် အကျွန်ုပ်မယုံဟုဆို၏။ ထိုနောက် ရှစ်ရက်မြောက်သောနေ့၌ တပည့်တော်တို့သည် တစ်ဖန် အထဲမှာရှိကြ၍ သောမလည်းပါ၏။ တံခါးများကို ပိတ်ထားစဉ်အခါ၊ ယေရှုသည် ကြွလာ၍ အလယ်မှာရပ်တော်မူလျက်၊ သင်တို့၌ ငြိမ်သက်ခြင်း ရှိစေသတည်းဟု မိန့်တော်မူ၏။ ထိုအခါ သောမအား၊ သင်၏လက်ညှိုးကိုဆန့်၍ ငါ့လက်ကိုကြည့်လော့။ သင်၏လက်ကိုဆန့်၍ ငါ့နံဘေးကို စမ်းသပ်လော့။ ယုံမှားခြင်း မရှိနှင့်။ ယုံလော့ဟု မိန့်တော်မူ၏။ သောမကလည်း၊ အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏သခင်ပါတကားဟု ပြန်၍ လျှောက်၏" (ယော ၂၀း၂၄–၂၈)။ တမန်တော်များ၏ပြောပြခြင်းကို သောမ မယုံပါ။ တမန်တော်ကြီး ပေတရုပြောသော်လည်း မယုံပါ။ သခင်

ဘုရား၏လက်တော်၌ သံရိုက်ရာချက်မမြင်၊ လက်ညှိုးနှင့် မစမ်းသပ်ရ။ နံဘေးတော်ကို လက်နှင့်မစမ်းသပ်ရလျှင် ကျွန်ုပ်မယုံပါဟု သောမပြောဆိုခဲ့ပါသည်။ သခင်ယေရှုက သောမ၏ သဘောရိုးကို သိတော်မူ၏။ လက်တွေ့မြင်မှယုံမည့်သူကို ကိုယ်တိုင်အစမ်းခံကာ ယုံကြည်လော့ဟု မိန့်တော်မူပြီးမှ ယုံကြည်ဝန်ခံလာစေခဲ့ပါသည်။

**(ခ) ကာလသရေလအမျိုး၌မတွေ့ဖူးသော ယုံကြည်ခြင်း (သခင်ယေရှုပင် အံ့သြချီးကျူးရသောယုံကြည်ခြင်း)**

''ထို့နောက် ကပေရနောင်မြို့သို့ ကြွတော်မူလျှင်၊ တပ်မှူးတစ်ယောက်သည် အထံတော်သို့လာ၍၊ သခင်၊ ကျွန်တော်၏ငယ်သားတစ်ယောက်သည် လက်ခြေသေသည့်အနာနှင့် ပြင်းစွာခံရ၍ အိမ်တွင် တုံးလုံးနေပါသည်ဟု တောင်းပန်လေ၏။ ယေရှုကလည်း ငါလာ၍ ချမ်းသာပေးမည်ဟု မိန့်တော်မူလျှင်၊ တပ်မှူးက၊ သခင်၊ ကျွန်တော်၏ အိမ်မိုးအောက်သို့ ကြွဝင်တော်မူခြင်း ကျေးဇူးတော်ကို ကျွန်တော်မခံထိုက်ပါ။ အမိန့်တော်တစ်ခွန်းရှိလျှင် ကျွန်တော်၏ ငယ်သားသည် ချမ်းသာရပါလိမ့်မည်။ ဥပမာကား၊ ကျွန်တော်သည် မင်းအောက်၌ ကျွန်ခံသောသူဖြစ်သော်လည်း စစ်သူရဲများကိုအုပ်စိုး၍ တစ်ဦးကိုသွားချေဟုဆိုလျှင် သွားပါ၏။ တစ်ဦးကိုလာခဲ့ဟုဆိုလျှင် လာပါ၏။ ကျွန်ကိုလည်း ဤအမှုကိုလုပ်တော့ဟုဆိုလျှင် လုပ်ပါ၏ဟု တပ်မှူးလျှောက်လေ၏။ ထိုစကားကို ယေရှုသည် ကြားလျှင် အံ့သြခြင်းရှိ၍၊ ငါအမှန်ဆိုသည်ကား၊ ဤမျှလောက်သောယုံကြည်ခြင်းကို ဣသရေလအမျိုး၌ပင် ငါမတွေ့ဖူးသေး။ ....... တပ်မှူးအား သင်သွားလော့။ ယုံကြည်သည်နှင့်အညီ သင်၌ဖြစ်စေဟု မိန့်တော်မူ၏။ ထိုခဏခြင်းတွင် သူ၏ငယ်သားသည် အနာရောဂါကင်း၍ သက်သာခြင်းသို့ရောက်လေ၏''(မ ၈း၅-၁၃)။ တပ်မှူးသည် မိမိ၏ငယ်သားများကို လာဆိုလာခဲ့ပြီး၊ သွားဆိုသွားရန် အမိန့်ပေးစေခိုင်းနိုင်ပါသည်။ လုပ်ခိုင်းရင်လည်း ခိုင်းသည့်အတိုင်း လုပ်ရသည့်၊ အမိန့်သြဇာကိုသဘောပေါက်ပြီး ဖန်ဆင်းရှင်၊ အနန္တတန်ခိုးရှင်က အမိန့်တစ်ခွန်းရှိလျှင် အိမ်မိုးအောက်သို့ လာဖို့ပင်မလိုဘဲ မိမိ၏ငယ်သားကျန်းမာမည်ကို ယုံ၍ သခင်ဘုရားက တပ်မှူး၏ယုံကြည်ခြင်းကို အံ့သြချီးမွမ်းခဲ့ပါသည်။



**(ဂ) မင်္ဂလာရှိသောယုံကြည်ခြင်း**

''ယေရှုကလည်း၊ သင်သည် ငါ့ကိုမြင်သောကြောင့် ယုံခြင်းရှိ၏။ ငါ့ကိုမမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏ဟု မိန့်တော်မူ၏။ ဤကျမ်းစာ၌ ရေး၍မထားသော အခြားနိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည် တပည့်တော်တို့ မျက်မှောက်၌ ပြတော်မူ၏။ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက် ရေးထားလျက်ရှိသတည်း''။ (ယော ၂၀း၂၉-၃၁)

မြင်ရမှ၊ စမ်းသပ်ရမှ၊ ကိုင်ရမှ၊ မိမိ၏လုပ်ပိုင်ခွင့်အမိန့်ကိုဆင်ခြင်နှလုံးသွင်း၍ ယုံကြည်ခြင်းများကို သခင်အပြစ်မတင်၊ ချီးကျူးအံ့သြခဲ့သလို မမြင်၊ မစမ်းမသပ်ရဘဲ၊ ယုံကြည်သောသူတို့သည် မင်္ဂလာရှိကြောင်း မိန့်တော်မူခဲ့ပါသည်။ သမ္မာကျမ်းစာ၌ ရေး၍မထားသော အခြားနိမိတ်လက္ခဏာအများကိုလည်း သခင်ယေရှုသည် တပည့်တော်များတို့ မျက်မှောက်၌ ပြတော်မူခဲ့ပါသည်။ ထိုနိမိတ်လက္ခဏာများထက်၊ ယေရှုသည်ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း ကျမ်းစာတွင် ဤမျှလောက်ရေးထားခဲ့ပါသည်။ ခရစ်တော်၏အသေခံခြင်း၊ ညှဉ်းဆဲခံရခြင်း၊ သင်္ဂြိုဟ်ခံတော်မူခြင်း၊ သေခြင်းမှရှင်ပြန်ခြင်းကို မမြင်ရသော်လည်း အဓိပ္ပာယ်က နိမိတ်လက္ခဏာများထက် သခင်ခရစ်တော်ကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သခင်ယေရှုကို သေခြင်းမှရှင်ပြန်ထမြောက်စေသည်ကို စိတ်နှလုံးထဲမှ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်သော၊ သမ္မာကျမ်းစာနှင့်ညီသော၊ မင်္ဂလာရှိသောယုံကြည်ခြင်းသည် သမ္မာကျမ်းစာ၏ အဓိကဖော်ပြသော အရေးကြီးသောယုံကြည်ခြင်း၊ မင်္ဂလာရှိခြင်းပင်ဖြစ်ပါသည်။

စာရှုသူများသည်လည်း ထိုမင်္ဂလာရှိသော ယုံကြည်ခြင်းကို ကိုယ်တိုင်သိရှိခံစားပြီး အခြားသူများကိုလည်း မင်္ဂလာရှိလာစေရန် ဝေငှနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်း မေတ္တာပို့သလျက် . . .

ကြီးမြတ်သောစေခိုင်းမှုတွင် အဆွေတို့၏လုပ်ဖော်ဆောင်ဖက် . . .

**Rev. အောင်သက်ညွန့်**





# အစစ်ခံရှုတည်သော

ဂျူးလ်ဝဲဖိုးဝေး

ထူးအိမ်သင်ရဲ့ သီချင်းလေးတစ်ပုဒ်က 'မင်းမရှိ ငါမရှိ အားလုံးဘယ်သူမှမရှိ ပြောင်းလဲတဲ့ မပြောင်းလဲခြင်းသာရှိ''။ ကျွန်တော်နားလည်လိုက်တာက အရာရာအားလုံးဟာ ပြောင်းလဲနေကြတယ်ဆိုတာပဲ။ ဒါက အမှန်တရားတစ်ခုပါ။ ဒါပေမဲ့ အရာခပ်သိမ်းပြောင်းလဲနေတဲ့အချိန်မှာ ဘယ်တော့မှမပြောင်းလဲဘဲ အမြဲတည်ရှိနေမည့်အရာက ဘုရားသခင်နဲ့ သမ္မာတရားပဲဖြစ်ပါတယ်။ (ဟေဗြဲ ၁၃း၈၊ မာကု ၁၃း၃၁)။

**အမှန်တရား**

ကမ္ဘာပေါ်မှာပြန်ကြည့်ရင် မြင်သာထင်သာရှိပြီး နားလည်ရတဲ့ အမှန်တရားတွေ အများကြီးရှိပါတယ်။ လူတိုင်းဟာ မွေးဖွားလာပြီးနောက်မှာ အစဉ်အတိုင်းကြီးထွားလာပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းကို မလွှဲမသွေတွေ့ကြုံနေခြင်းက အမှန်တရားတစ်ခုပါ။ စားသောက်ကုန်တွေ၊ လူ့အသုံးအဆောင်ပစ္စည်းတွေကိုကြည့်ရင် တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး အသစ်အဆန်းတွေ ပေါ်ထွက်လာနေကြပါတယ်။ လူတွေရဲ့သဘောကလည်း အသစ်လာရင် အဟောင်းကိုရိုးသွားပြီး မကြိုက်တတ်ကြတာကို တွေ့မြင်နေရပါတယ်။ ဒါလည်း အမှန်တရား တစ်ခုပါပဲ။ လျှပ်စစ်ပစ္စည်းတွေ၊ အီလက်ထရွန်းနစ်ပစ္စည်းတွေ၊ နည်းပညာတွေ၊ အတွေးအခေါ်တွေက အမြဲပြောင်းလဲနေပြီး အချိန်နဲ့တပြေးညီ တိုးတက်လာနေတာကို ငြင်းလို့ မရပါဘူး။ ဒါလည်း အမှန်တရားတစ်ခုပါပဲ။ လူ့ရဲ့ စိတ်ခံစားမှု၊ စိတ်လှုပ်ရှားမှု၊ ပျော်ရွှင်မှုတွေက တစ်ချိန်နဲ့တစ်ချိန်၊ အခြေအနေ တစ်မျိုးနဲ့တစ်မျိုးမှာ အပြောင်းအလဲတွေက မြန်ဆန်လွန်းနေတာကိုလည်း တွေ့မြင်နေကြရပါတယ်။ ခုတစ်မျိုး နောက်တစ်မျိုး၊ အခုအဆင်ပြေပေမဲ့ နောက်တော့ မပြေတော့ဘူး၊ အခုပျော်နေမယ် ခဏကြာတော့ ပျော်ရွှင်မှုတွေ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြရော။ ဒါတွေလည်း အမှန်တရားတစ်ခုပါပဲ။ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားကြတယ်၊ တွဲကြတယ်၊ လက်ထပ်ပြီး မကြာခင်မှာပဲ ကွဲကြတယ်၊ နောက်တစ်ယောက်နဲ့ ပြန်ယူကြတယ်၊ တည်တံ့ခိုင်မြဲတဲ့အချစ်တွေ၊ မေတ္တာတရားတွေ၊ ခံယူချက်တွေ မရှိကြဘူး။ အပြောင်းအလဲမြန်ကြတယ်၊ လွယ်လွယ်နဲ့ ကတိတွေပေးပြီး၊ ပေးပြီးတဲ့ကတိကိုလည်း လွယ်လွယ်နဲ့ ဖျက်ကြတယ်။ ဒါလဲ

အမှန်တရားတစ်ခု မဟုတ်ပေဘူးလား။ ဒါကလည်း အခြေအနေတွေက အမြဲပြောင်းလဲနေကြတဲ့အတွက် ဖြစ်တယ်။ စဉ်းစားကြည့်ရင် အဖြေတစ်ခုထွက်တယ်၊ အဲဒီအဖြေက လူတွေအများစုဖြစ်တဲ့ လောကသားတွေက အခြေအနေပေါ်မူတည်ပြီး အသက်ရှင်နေကြလို့ပဲ။

**အာရုံငါးပါး**

အာရုံငါးပါးက အကြားအာရုံ၊ အမြင်အာရုံ၊ အနံ့၊ အရသာ၊ အထိအတွေ့တွေ ဖြစ်ကြပါတယ်။ စိတ်ပညာရှင် ဆရာဝန်တွေ ကျွမ်းကျင်သူတွေက ပြောကြပါတယ်။ လူဟာ အမိဝမ်းထဲမှာရှိနေတဲ့အချိန်၊ ပဋိသန္ဓေတည်စဉ်ကတည်းက အသက်ရှိနေပြီး အာရုံငါးပါးနဲ့ကြီးလာတယ် ဆိုတဲ့အချက်ပဲ။ ဒါလည်း အမှန်တရားတစ်ခုပါပဲ။ ''တံငါနားနီးတံငါ၊ မုဆိုးနာနီးမုဆိုး''၊ ''အတုမြင် အတတ်သင်''ဆိုတဲ့ စကားပုံတွေဖြစ်လာတယ်၊ ရှိလာတယ်ဆိုတာကလည်း အဲဒီအမှန်တရားတွေကြောင့်ပဲ။ ကျွန်တော်တို့ရဲ့ အာရုံငါးပါးက အမြစ်စွဲလာခဲ့ပြီး ခေါက်ရိုးကျိုးလာတဲ့အနေအထားကို ရောက်လာခဲ့ကြတယ်။ ဒါကလည်း ငြင်းလို့မရနိုင်တဲ့ အမှန်တရားတစ်ခုပဲ။ ကျွန်တော်ဖတ်ဖူးတဲ့ ဥပမာလေးတစ်ခုက ''တစ်ခါက ဆင်ကလေးတစ်ကောင်ကို သူငယ်စဉ်အချိန်မှာ သံကြိုးသေးသေးလေးနဲ့ပဲ သူ့ခြေထောက်ကိုချည်ထားတယ်၊ သူငယ်တော့ သံကြိုးသေးသေးလေးကို ပြတ်အောင်မရုန်းနိုင်ဘူး။ ရက်တွေ၊ လတွေ၊ အချိန်တော်တော်များများ ရုန်းလာခဲ့တာ မရခဲ့တော့ ဒီဆင်ကလေးရဲ့ အတွေး၊ အာရုံငါးပါးထဲမှာ သူဟာ ဒီသံကြိုးသေးသေးလေးကို ပြတ်အောင်မရုန်းနိုင်ဘူးဆိုတာ ခေါက်ရိုးကျိုးသွားတဲ့အတွက် သူကြီးလာတဲ့အချိန်မှာ မရုန်းတော့ဘဲ ဒီသံကြိုးသေးသေးရဲ့ ချည်ထားတဲ့အတိုင်းပဲ နေလိုက်တယ်''တဲ့ ဒါလည်း အမှန်တရားပါပဲ။ ဒါပေမဲ့ အမှန်တရားနဲ့ မတူတဲ့ ဆန့်ကျင်ဘက် အရာကတော့ သမ္မာတရားပဲဖြစ်တယ်။ သမ္မာတရားက ဘယ်တော့မှမပြောင်းလဲဘဲ အစစ်ခံ၍ တည်တယ်။

**သမ္မာတရား**

သမ္မာတရားက အာရုံငါးပါး၊ အခြေအနေအပေါ်မှာ မူမတည်ဘူး။ သမ္မာတရားက ဘုရားစကားဖြစ်တယ်။ မဖောက်ပြန်၊ မပြောင်းလဲတဲ့အရာဖြစ်တယ်၊ ထာဝရနဲ့ ဆိုင်တယ်။ ဘုရားသခင်က ထာဝရဘုရားဖြစ်တယ်၊ အစလည်းဖြစ်တယ်၊ အဆုံးလည်း ဖြစ်တယ်။ (ဟေရှာယ ၄၃း၁၊ ယော ၁၄း၆၊ ဗျာ ၂၂း၁၃၊ ဟေဗြဲ ၆း ၁၈၊ ၁ပေ ၁း၂၅)။ အမှန်တရားက တစ်ချိန်ချိန်မှာ မမှန်တော့ဘဲ ပျောက်ကွယ်သွားတဲ့အချိန်မှာ သမ္မာတရားက အမြဲထာဝရရှိနေပြီး သမ္မာတရားဆိုတဲ့ ဘုရားစကားက နောက်ဆုံးအဖြေဖြစ်တယ်။ သမ္မာတရားက အဆုံးအဖြတ်ပေးပြီး တရားစီရင်ဆုံးဖြတ်ပေးမှာ ဖြစ်တယ်။ (ယော ၁၂း၄၈)

– သခင်ယေရှုသည် သမ္မာတရားဖြစ်သည် (ယော ၁၄း၆)

– သခင်ယေရှုသည် မမြင်ရသော ထာဝရဘုရားသခင်၏ သဏ္ဌာန်တော် ဖြစ်သည်။ (ကောလောသဲ ၁း၁၅၊ ၂း၉၊ ယော ၁း၁၈၊ ၁၄း၉)

– သခင်ယေရှုကို ယုံကြည်သောသူသည် သမ္မာတရားကို သွန်သင်ဖွင့်ပြပေးမည့် သန့်ရှင်းသော ဝိညာဉ်တော်ကိုရရှိပြီး၊ သမ္မာတရား၏တံဆိပ်ခတ်ခြင်းကို ခံရသည်။ (ဧဖက် ၁း၁၃–၁၄)

– ဝိညာဉ်တော်သည် သမ္မာတရား၏အရှင်၊ သမ္မာတရားကို ဖွင့်ပြသွန်သင်ပေးသူ ဖြစ်သည်။ (၂ကော ၃း၁၈၊ ယော ၁၄း၂၆၊ ယော ၁၆း၁၃)

– ယေရှု၌တည်သောသူသည် သမ္မာတရား၌ တည်သောသူ ဖြစ်သည်။ (ယော ၁၅း၁–၇)

– သမ္မာတရားသည် အသက်တာကို သန့်ရှင်းစေသည် (ယော ၁၇း၁၇)

– သမ္မာတရားသည် အသက်တာစိတ်နှလုံး၊ အတွေးအခေါ်၊ အပြုအမူများကို ပြောင်းလဲစေသည်။ (ဟေဗြဲ ၄း၁၂)

– ဘုရားစကားတည်းဟူသော သမ္မာတရားကို အမြဲကြားနေခြင်းသည် ယုံကြည်ခြင်းကိုဖြစ်စေသည်။ (ရော ၁၀း ၁၇)

– သမ္မာတရားကိုငြင်းပယ်ခြင်းသည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ကို ငြင်းပယ်ခြင်းဖြစ်သည်။ အကျိုးဆက်အားဖြင့် အပြစ်စီရင်ခြင်းကို ခံရမည်။ (မဿဲ ၁၂း၃၁–၃၂)

**နိဂုံး**

အမှန်တရားက ယခုလက်ရှိအချိန်မှာ ဟုတ်သလို၊ မှန်သလိုဖြစ်နေပေမဲ့ အဆုံးအဖြတ်မဟုတ်သေးပါ၊ နောက်ဆုံးရလဒ် မဖြစ်သေးပါ။ နောက်ဆုံးတရားဆုံးဖြတ်ချိန် ရှိပါသေးသည်။ သမ္မာတရားအတိုင်းဆုံးဖြတ်မည့် အချိန်ရောက်လာပါလိမ့်မည်။ ထိုအခါမှ နောက်ဆုံးအဖြေထွက်ပါမည်။ အမှန်တရားက အစစ်ခံ၍ မတည်ပေမဲ့၊ သမ္မာတရားက အစစ်ခံ၍ တည်မှာဖြစ်တဲ့အတွက် ယခုအချိန်က ကျွန်တော်တို့ ဆုံးဖြတ်ရမည့်အချိန်၊ ပြုပြင်ပြောင်းလဲရမည့်အချိန်ဖြစ်ပါသည်။ အမှန်တရားအပေါ် ရပ်တည်နေပါက၊ ခဏလောက် တိတ်ဆိတ်စွာနေပြီး စဉ်းစားလိုက်ပါ။ တစ်နေ့ကျလျှင် ထာဝရနဲ့ဆိုင်တဲ့ တရားစီရင်ခြင်း ရောက်လာခဲ့ပါက သမ္မာတရားအတိုင်း အစစ်ခံပြီးတည်နိုင်ဖို့၊ သမ္မာတရားအတိုင်း ရပ်တည်အသက်ရှင်ဖို့၊ စိတ်နှလုံးကိုအသစ်ပြင်ဆင်ပြီး ပုံသဏ္ဌာန်ပြောင်းလဲဖို့ အချိန်ရောက်ပါပြီ။ ဘယ်သူတွေ ဘာပြောပြော၊ အမှန်တရားက ဘယ်လိုပဲဖြစ်နေ၊ ရှိနေပါစေ၊ သင့်ရဲ့ဆုံးဖြတ်ချက်က သင့်အနာဂတ်ကို အဆုံးအဖြတ်ပေးသွားပါလိမ့်မည်။ အမှန်တရားလား၊ သမ္မာတရားလား။

**ဂျိုးလ်ဝဲဖိုးဂေး**



# မုသား

ဒေါက်တာဖေမြတ်ဝင်း

''မုသား''သည် အမှန်၏ဆန့်ကျင်ဘက်ဖြစ်ပါသည်။ သို့ရာတွင် တစ်ခါတစ်ရံမှာ ခွဲခြားလို့ပင်မရနိုင်ပါ။ ထပ်ကာတလဲလဲလိမ်နေပါက ကြာလာလျှင် အမှန်တရားအဖြစ်နှင့် လက်ခံသွားမည်ဟု ဟစ်တလာက ပြောခဲ့ပါသည်။ လူယုတ်မာတစ်ဦး၏နှုတ်မှ မှန်ကန်သည့်စကားတစ်ခွန်း ထွက်ပေါ်လာခြင်းဖြစ်ပါ၏။ လူကိုလိမ်ရသည်မှာ ထင်သည်ထက်လွယ်ပါသည်။ ထို့ကြောင့် ဤလောကတွင် အမှန်တရားအဖြစ်နှင့်လက်ခံထားသော မုသားတွေ များစွာရှိပါသည်။

အများက လက်ခံလာအောင်လိမ်နိုင်သည့် နည်းလမ်းတွေရှိပါသည်။ အထူးသဖြင့် လူတို့ကြားလိုသောအရာကို ယုတ္တိရှိစွာပြောနိုင်ပါက အလွယ်တကူ လက်ခံသွားပါသည်။ အဘယ်ကြောင့်ဆိုသော် ယုံလိုရာကိုသာ ယုံချင်သည့်သူတွေက များစွာရှိနေကြပါသည်။

မုသားအားလုံးသည် စာတန်ထံမှ လာပါသည်။ လောကတစ်ခုလုံးကို သူကပင်လှည့်ဖြားထားကြောင်း ခရစ်တော်ကိုယ်တိုင်ပြောခဲ့ပါသည်(ယော ၈း၄၄၊ ဗျာ ၁၂း၉)။ စာတန်က လူ့စိတ်ကိုနောကြေနေပြီးလူကို ဘယ်လိုလှည့်စားရမှန်း ကောင်းစွာသိပါ၏။ ပြောင်လိမ်သောနည်းကို သုံးလေ့မရှိပါ။ မသိမသာနှင့်ညင်သာစွာလှည့်စားတတ်ပါသည်။ အင်္ဂလိပ်လို Little White lie (ဖြူစင်ပုံရသော မုသားလေး)ဟု ခေါ်ပါ၏။ သို့သော် မုသားအနည်းငယ်၌ပင်သေလောက်သည့် အဆိပ်ပါရှိပါသည်။ မြွေပွေးပေါက်စလေးကို အထင်သေး၍ မရပါ။ တီကောင်နှင့်မမှားမိရန် သတိထားရပါမည်။

စာတန်၏ လိမ်လည်လှည့်ဖြားမှုတွေအထဲ၌ ဘာသာတရားအားလုံးက မေတ္တာကိုပင်အခြေခံထားသည့်အတွက် အတူတူပါပဲ၊ ဘယ်လမ်းဖြင့်မဆို ကောင်းကင်ဘုံကိုရောက်ပါသည် ဆိုသည့်စကားက အတော်ပင်အဆိပ်ပြင်းပါသည်။ မြောက်မြားစွာသောသူတို့ကို ထာဝရအသက်နှင့် လွဲသွားစေပါ၏။ ယခုလိုပြောသူတွေက Truth is universal အမှန်တရားသည် မည်သည့်ဘာသာ၏မူပိုင်မှ မဟုတ်ပါ။ အားလုံးမှန်ပါသည်ဟု ဆိုကြပါသည်။ သည်ပြောကြားချက်တို့သည် စောစောက ကျွန်တော်ဖော်ပြခဲ့သော အများကကြားချင်သည့်၊ လက်ခံလိုသည့် မုသားမျိုးပင်ဖြစ်ပါ၏။ သေချာစွာ စဉ်းစားကြည့်ပါ၊ လူငါးဦးက ငါးမျိုးပြောနေလျှင် လူတိုင်း မှန်နိုင်ပါ့မ

လား။ မော်လမြိုင်ကို ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်၊ ခြေလျင်နှင့်ပင် သွားချင်သပ၊ သွား၍ရပါသော်လည်း၊ ကောင်းကင်ဘုံကိုတော့ ယေရှုခရစ်တော်ဆိုသည့်လမ်းဖြင့်သာ ရောက်ပါ၏၊ အခြားလမ်းမရှိပါ (ယော ၁၄း၆)။

နောက်ထပ် စာတန်နှစ်သက်သော လိမ်နည်းတစ်ခုက အမှားနှင့်အမှန်ကို ရောမွှေ၍ပြောဆိုခြင်းဖြစ်ပါသည်။ လက်တစ်လုံးခြားလည်း လိမ်တတ်ပါ၏။ တားမြစ်ထားသော အသီးကိုစားလျှင် တကယ်မသေရပါ။ မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်လာမည်ဟု အာဒံနှင့်ဧဝကိုပြောသည့်အထဲတွင် (က ၃း၄) မှသားအပြင် မှန်သည်ဟုဆိုနိုင်သော စကားများပါရှိသည်။ ယခုလို ငါးစာနှင့် ငါးမျှားချိတ်ကို ဖုံးအုပ်ထားသောအခါ မစဉ်းစားတတ်သည့်ငါးက ပြေးဟပ်ပါ၏။

ယနေ့တွင်လည်း သည်နည်းကိုပင် စာတန်က သုံးလျက်ရှိပါသည်။ လူက ဘုရားလို ဖြစ်ချင်သည့်အကြောင်းကို စာတန်က သိသကဲ့သို့ပင် စည်းစိမ်ဥစ္စာမက်မောကြောင်းကိုလည်း ကောင်းစွာနားလည်ပါသည်။ ထို့အပြင် ယခုအချိန်၌ ဥစ္စာပစ္စည်းပေါ်များလျက် လူတွေပိုပြီးအကျင့်ပျက်နေကြသည့် အခြေအနေကိုပါ သူက အသုံးချတတ်ပါသည်။ ထိုကြောင့် ကျန်းမာချမ်းသာခြင်းတရား ( Prosperity gospel) ပေါ်ပေါက်လာခြင်းဖြစ်ပါ၏။ သည်တရားက ခရစ်ယာန်တိုင်း ကျန်းမာရမည်၊ ချမ်းသာရမည်။ ထိုသို့ဖြစ်မနေလျှင် ဘုရားအလိုတော်နှင့်မညီပါဟု ဆိုပါသည်။ ထိုသို့ဟောနေကြသော သိုးအရေခြုံတောခွေးများက ခရစ်ယာန်တွေကို မည်သို့လိမ်ရမှန်း ကောင်းစွာနားလည်ကြပါသည်။ လူ့အကြိုက်လိုက်၍ ဟောပါသည်၊ လူတွေ ‘ယားသည့်နေရာကို ကုတ်’ပေးတတ်ပါသည်။ သို့သော် ဤတရားသည် ခရစ်တော်နှင့် နှစ်ခြင်းဆရာယောဟန်တို့ဟောခဲ့သော ဧဝံဂေလိတရား မဟုတ်ပါ။ နှစ်ဆယ်ရာစုရောက်မှ Oral Roberts ဆိုသူက တီထွင်ခဲ့ခြင်းဖြစ်ပါသည်။ သည်တရားကို နှစ်သက်သူတွေကတော့ ကျမ်းစာထဲမှလာသည်ဟု ထင်နေကြပါ၏။ ယခုလိုဖြစ်အောင်လည်း ကျမ်းစာကို တစ်ဝက်တစ်ပျက်ယူပြီး လိုရာဆွဲ၍ အသုံးချထားပါသည်။ သည်တရား၏အန္တရာယ်သည် ထင်သည် ထက်များစွာကြီးမားပါသည်၊ လူတွေကို နောင်တနှင့် ကယ်တင်ခြင်းတရားလမ်းမှ အာရုံလွှဲပေးလိုက်ပြီး၊ ခရစ်တော်ကြွလာတော့မည့်အချိန်၌ စီးပွားရှာနေဖို့ရန် အားပေးအားမြှောက်ပြုပါ၏။ လူသည် စားဝတ်နေရေးပြေလည်ပြီး မိသားစုနှင့်ပျော်ရွှင်စွာ နေထိုင်လိုသောသူချည်းသာ ဖြစ်သည်။ သို့ရာတွင် ကျန်းမာချမ်းသာနေရုံနှင့် မပြီးသေးပါ၊ ဤဘဝသည် ယာယီတဲသာဖြစ်သည့်အတွက် (၂ကော ၅း၁) လောကတစ်ခုလုံးကိုပင် ပိုင်သလျက် ဝိညာဉ်ဆုံးသွားလျှင် အချည်းနှီးဖြစ်ပါ၏ (မ ၁၆း၂၆)။

စာတန်က အတော်ပင် ကလိမ်ဉာဏ်များပါသည်။ ချမ်းသာလိုသူတို့ကို ကျန်းမာချမ်းသာခြင်းတရားနှင့်မြူဆွယ်ပြီး ခရစ်တော်နောက်လိုက်နေသူတွေကိုတော့ အမှုတော်ဆောင်လျှင် ဆင်းရဲရမည်ဟု ခြောက်လှန့်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ သည်မုသားစကားကိုနားယောင်နေသည့် အမှုတော်ဆောင်တွေရှိပါသည်။ ဤသို့ဖြစ်ရသည်မှာ သခင်ယေရှုပြောခဲ့သော စကားတစ်ခွန်းကို ကောင်းစွာနားမလည်သောကြောင့် ဖြစ်ပါ၏။ သူ့နောက်သို့လိုက်လိုလျှင် အားလုံးကိုစွန့်လွှတ်လျက် လက်ဝါးကပ်တိုင်ထမ်းရမည်ဟု ပြောပါသည် (မ ၁၀း၃၇–၃၉)။ လက်ဝါးကပ်တိုင်က ဆင်းရဲဒုက္ခနှင့်ဝေဒနာကို ကိုယ်စားပြုသည့်အပြင် သင်တို့သည် လောက၌ဒုက္ခခံကြရမည်ဟု ပြောင်ပြောင်တင်းတင်းပင်ဆိုသောကြောင့် ခရစ်ယာန်ဖြစ်လာလျှင် ဆင်းရဲရမည်၊ ဒုက္ခရောက်ရမည်ဟု ကောက်ချက်ချလိုက်ကြပါသည်။ ကျွန်တော်လည်း ယခင်က သည်လိုပင်မြင်ခဲ့ပါသည်။ သာသနာပြုဆရာဖြစ်လာလျှင် လောကီစည်းစိမ်အားလုံးကို စွန့်လွှတ်လိုက်ရပြီး အတော်ပင် ပျင်းရိစရာကောင်း သောဘဝသို့ ရောက်ရှိသွားလိမ့်မည်ဟု ထင်ခဲ့ပါသည်။ ယခုတော့ ယခင်ဘဝကို လုံးဝပြန်မသွားလိုတော့ပါ။ လောကီ၊ လောကုတ္တရာနှစ်ခုလုံးအတွက် လိုအပ်သောကောင်းကြီးများကို နေ့စဉ်ခံစားနေရသည့်အပြင် ငွေဖြင့်ဝယ်လို့မရသောအရာများ၏ တန်ဖိုးကို ပို၍သိရှိလာရပါသည်။ ဘုရားပေးသည့်အခါ မိမိတောင်းနိုင်သည်ထက်ပင် ရပါ၏။

ခရစ်တော်နောက်လိုက်သည့်အတွက် လောက၏ ဆင်းရဲခြင်းအားလုံးမှ လွတ်ကင်းခွင့်မရှိသည်မှာ မှန်ပါ၏။ ထိုသခင်အတွက် ဒုက္ခခံရသောအချိန်တွေလည်း ရှိပါသည်၊ တချို့အသက်နှင့်ပင် ပေးဆပ်ကြပါသည်။ သို့ရာတွင် ဘယ်အရာကမှ ကျွန်ုပ်တို့ကို ခရစ်တော်၏မေတ္တာနှင့် မကွာစေနိုင်ပါ (ရော ၃း၃၅)။ ထိုသခင်ပေးထားသော ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းကို အဘယ်သူမှ မဖျက်ဆီးနိုင်ပါ (ယော ၁၄း၂၇၊ ၁၆း၂၂)။ ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၏ ကွယ်ကာစောင့်မခြင်း၊ ကျွေးမွေးပြုစုခြင်းကို ခံရသူများဖြစ်ပါ၏။ စာတန်ကလာပြီး ကျန်းမာချမ်းသာအောင်လုပ်ပေးမည်ဟု ပြောရန် လိုသူများမဟုတ်ပါ။ ထိုစကားကို နားယောင်သောသူသည် မိမိကိုယ်ကိုပြန်၍သုံးသပ်ဖို့ရန် လိုအပ်နေပါပြီ။

နောက်ထပ်စာတန်အသုံးပြုနေသည့် လိမ်နည်းတစ်ခုမှာ ယခုအချိန်သည် ကျေးဇူးတရားအောက်၌ အသက်ရှင်ရသောကာလဖြစ်သည့်အတွက် လုပ်ချင်ရာလုပ်၊ နေချင်သလိုနေလို့ရသည်ဆိုသော ဟောကြားချက်ဖြစ်ပါ၏။ ဘာပဲလုပ်လုပ် ကောင်းကင်ဘုံသွားရမည်ဟု ဆိုခြင်းဖြစ်ပါသည်။ သည်တရားကို လူတွေကြိုက်သည်မှာ မဆန်းပါ။ သို့ရာတွင် ဘုရား၏သားသမီးများက စာတန်ရဲ့သားသမီးတွေအတိုင်း အသက်ရှင်သွားနိုင်သည်ဆိုခြင်းသည် လုံးဝအဓိပ္ပာယ်မရှိပါ။ အထူးသဖြင့် မစဉ်းစားတတ်သေးသော လူငယ်တွေအတွက် အလွန်အန္တရာယ်များပါသည်။ ထို့အပြင် နိဗ္ဗာန်သာရှိပြီး ငရဲမရှိပါဆိုသော မုသားကလည်း တစ်နေ့တခြား ရေပန်းစားလာနေပါသည်။ အကယ်၍ ငရဲရှိလျှင်ပင် မေတ္တာရှင်ဖြစ်သည့်ဘုရားက မည်သူ့ကိုမှ

ထိုနေရာသို့ ပို့လိမ့်မည်မဟုတ်ဟု ဆိုပါသေးသည်။ လူ့ကျင့်နှင့် သဘောထားခံယူချက်က အတော်ပင် ပရမ်းပတာဖြစ်နေသော လက္ခဏာဖြစ်ပါ၏။ လောကတွင် မိမိယုံလိုရာကိုသာ ယုံနေလို့မရပါ၊ ဖြစ်ချင်သည့်အတိုင်းလည်း အားလုံးက ဖြစ်လာမည်မဟုတ်ပါ။ သမ္မာကျမ်းစာသည်သာ ကျွန်ုပ်တို့ယုံကြည်၍ လိုက်နာရမည့် အမှန်တရားဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နောက်ဆုံးသောကာလဖြစ်ကြောင်း ကျွန်တော် ထပ်ကာထပ်ကာပြောခဲ့ပါသည်။ တစ်ကမ္ဘာလုံးကိုအုပ်စိုးမည့် အာဏာရှင်တစ်ဦးပေါ်လာမည်ဖြစ်ဟု ကျမ်းစာက ဖော်ပြထားပါသည်(ဗျာ ၁၃း၇-၈)။ ထိုသူသည် စာတန်၏လူ အန္တိခရစ်ဖြစ်ပြီး သူ၏ဆရာလိုပင် လှည့်ဖြားရာတွင် အထူးကျွမ်းကျင်လျက် ပရိယာယ်ဖြင့် အာဏာကိုရယူမည်ဖြစ်ကြောင်း(ဒံ ၈း၉-၁၂၊ ၂၀-၂၅)၌ ရေးထားပါသည်။ သူအုပ်စိုးသည့်အခါ တစ်ခုတည်းသော နိုင်ငံရေး၊ စီးပွားရေးနှင့် ဘာသာရေးစံနစ်ကို သုံးပါလိမ့်မည်။ ဤသို့ဖြစ်နိုင်ရန် တစ်ကမ္ဘာလုံးပေါင်းစည်းဖို့ လိုအပ်ပါသည်။ ထို့ကြောင့် ယနေ့ကြွေးကြော်နေကြသည့် ဘာသာပေါင်းစုံပေါင်းစည်းရေးဆိုသည်မှာ စာတန်၏မဟာဗျူဟာပင်ဖြစ်ကြောင်း သိရှိထားရန်လိုပါ၏။ ကျွန်ုပ်တို့၏ ဘာသာရေးယုံကြည်ချက်ကို အပေးအယူလုပ်၍မရကြောင်း ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ယခုအခါတွင် အင်တာနက်နှင့် လမ်းပန်းဆက်သွယ်ရေးသည် အလွန်မှကောင်းနေသောကြောင့် ကမ္ဘာတစ်ခုလုံးက ရွာကြီးသဖွယ်ဖြစ်နေလျက်၊ Globalization ဆိုသည့်ဝေါဟာရကို လူတိုင်းသုံးနေကြပါပြီ။ ဘာသာရေးအပြင် စီးပွားရေးနှင့် စစ်ရေးပေါင်းစည်းထားသော ကမ္ဘာ့အဖွဲ့အစည်းများကလည်း ယခင်ထက် များလာနေပါသည်။ ထို့ပြင် အကျင့်ပျက်ခြစားမှုတွေက သည်းမခံနိုင်လောက်အောင်ပင် တိုးပွားလာနေသောကြောင့် အုပ်ချုပ်သူအစိုးရတို့အပေါ် အယုံအကြည်ကင်းမဲ့လာကြပြီး ကမ္ဘာကိုကယ်တင်နိုင်မည့် ခေါင်းဆောင်တစ်ဦးကို တောင့်တနေကြပါသည်။ ဤဖြစ်ရပ်အားလုံးက ဗျာဒိတ်ကျမ်း၌ ပြောထားသည့် အခြေအနေဆီသို့ ဦးတည်ပေးလျက်ရှိပါ၏။

ကျွန်ုပ်တို့သည် စကြာဝဠာကိုအုပ်စိုးသော ဘုရား၏သားသမီးများ ဖြစ်ကြပါသည်။ သို့သော် တချို့ခရစ်ယာန်တွေကိုကြည့်သည့်အခါ မင်းညီမင်းသားနှင့်မတူဘဲ သူတောင်းစားဟုထင်ရပါသည်။ ထိုကြောင့် ခရစ်တော်၏အသွေးတော်ဖြင့်ဝယ်ပေးခဲ့သော အသက်တာသစ်က မည်မျှပြည့်စုံကြွယ်ဝကြောင်း လူတိုင်းသိထားရန်လိုပါ၏။ ဤကောင်းချီးမင်္ဂလာများကို နောင်တမလွန်အတွက်သာမက၊ ယခုဘဝအဖို့ပါ ပေးထားခြင်းဖြစ်ပါသည်။ မရသေးလျှင် အဘယ်ကြောင့်ဖြစ်သည်ကို စဉ်းစားကြည့်ကြပါ။ သမ္မာတရားကိုမယုံဘဲ စာတန်ပြောသည့် မုသားများကို နားယောင်လျက်ရှိနေသေးသောကြောင့်သာ ဖြစ်ပါလိမ့်မည်။

**ဒေါက်တာဖေမြတ်ဝင်း**



# ကိုမုသား

ကြမ်းပိုး လိပ်ပြော
ဆိတ်ကို ဆင်ဆို
ထပ်ပိုဆင့်ကဲ ရင်ထဲမပါ
မြင်သာဟန်ပြ နှုတ်ခမ်းဝဖြင့်
ဇာစ်မြစ်ချဲ့ကား လေလုံးထွားလျက်
ရုပ်မဲ့သဏ္ဌာန် သစ္စာမာန်ကင်း
မာရ်နတ်မင်းက ဟန်ပြချော့မြူ
အုတ် ဂူဖြူဖြူ ကဲ့သို့မူနှင့်
လူ၏ဆန္ဒ လိုသမျှကို
အမှောင်တန်ခိုး နှစ်ဆတိုးလို့
မင်းကြိုက်ငါကြိုက် ရေသာလိုက်၍
ကုန်းလှည့်ချောတိုက် လက်ပိုက်စောင့်စား
ကိုမုသား ခိုး၊ ဝှက်၊ ဖျက်ဆီး
နေမည်တကား ... ။

**စိုက်သူ**



## စိတ်နှလုံးတွင်းရှိပြိုင်ဆိုင်မှု

# အစဉ်သတိပြု

* တို့တွေနှလုံးသား ကောင်းသောအကျင့် ကျင့်ချင်ပါလျက်
  မကောင်းသော၊ မနှစ်သက်သောအကျင့်၊ ဆိုးသောအကျင့်ကျင့်မိရန်
  ဆိုင်ပြိုင်တိုက်လှန်နေ သတိပြုပါ အဆွေ။

* မိမိကိုယ်တိုင် ကြိုးစား၍မရနိုင် ကောင်းသည်ကိုသာ လုပ်လိုငြား
  ဆိုးသောအကျင့် လုပ်မိသွား။

* ကိုယ်တော်လေ ဇာတိသဘောကိုတိုက်လှန်ဖို့ သန့်ရှင်းသောဝိညာဉ်တော်ကိုပေးထား
  အစဉ်အုပ်စိုးမှုကိုခံယူကာ အသက်ရှင်ဖို့ သတိရပါ။

* ဇာတိသဘောနဲ့ ဝိညာဉ်သဘော စိတ်နှလုံးအတွင်းမှာ အစဉ်အားပြိုင်နေ
  သမ္မာသတိရှိစွာ ကိုယ်တော်ကိုအပ်နှံကာ အသက်ရှင်ပါလေ အို အဆွေ။

* အပြစ်တရားလက်မှ ကယ်ချွတ်မည့်သူ ခရစ်သခင်ကို ရွေးချယ်မှာလား
  ဇာတိအလိုလိုက်ခါ အပြစ်တရားနောက်လိုက်ကာ
  စာတန်ရှေ့မှောက်ဒူးထောက်မှာလား သေချာစွာစဉ်းစား။

* ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ဖို့
  ငါတတ်နိုင်တယ်၊ ငါကြိုးစားမှုရမယ်ဆိုတဲ့ အတ္တမာနတွေကို ငြင်းပယ်
  ဇာတိသဘောကိုသတ် ဝိညာဉ်သဘောနဲ့ အသက်ရှင်နိုင်ဖို့
  ကယ်တင်နိုင်သောအရှင် ခရစ်သခင်ကိုလက်ခံ၊ သန့်ရှင်းသောဝိညာဉ်တော်လမ်းပြမှုကိုခံယူ
  ကိုယ်တော်နဲ့အတူ ကိုယ်တော်ခွန်အားနဲ့ ဘုရားဘုန်းထင်ရှားစေဖို့ ဆက်ကပ်အသက်ရှင်လို့
  ကိုယ်တော့်ထံ တိုးဝင်ချဉ်းကပ်ကြပါစို့ မိတ်ဆွေတို့။

အိုအဘဘုရား– ဇာတိသဘောများဖယ်ကာရှား စိတ်ဝိညာဉ်တရားပွားများစေနိုင်ရန် မစတော်မူပါမည့်အကြောင်း ခရစ်တော်နာမဖြင့်တောင်းလျှောက်ပါသည်အဘဘုရားသခင်။ အာမင်။

**မပန်းချစ် (ပညာရေး)**



# မျှော်လင့်ချက်နှင့် လက်တွေ့လုပ်ဆောင်မှု

## HOPE & ACTION

"We do need HOPE. Of course we do. But the one thing we need more than hope is ACTION. Once we start to act, hope is everywhere. Instead of looking for hope, LOOK FOR ACTION. Then only them Hope will come."

Greta- Thunberg (Youth Climate Activist)

"ကျွန်မတို့ မျှော်လင့်ချက်လိုပါတယ်။ ဒါပေမဲ့ မျှော်လင့်နေတာထက် အရေးကြီးတာတစ်ခုက လက်တွေ့လုပ်ဆောင်ချက်တွေပါ။ လက်တွေ့လုပ်ဆောင်ချက် တစ်ခုတည်းလုပ်ဖြစ်ခဲ့ရင်တောင် မျှော်လင့်ချက်တွေက နေရာတိုင်းကနေဖြစ်လာမှာပါ။ ဒါကြောင့် မျှော်လင့်ချက်တစ်ခုတည်းကိုပဲ မျှော်နေမယ့်အစား လက်တွေ့လုပ်ဆောင်ချက်တစ်ခုကို မျှော်လင့်ပြီး လုပ်ဆောင်နေဖို့ပဲ အရေးကြီးတာပါ။ အဲ့လိုလုပ်ဆောင်မှု နောက်ကနေပဲ မျှော်လင့်ချက်တွေ ထပ်ပြီးလိုက်လာတာပါ။"

ဒီစကားလေးကလည်း Greta-Thunberg ရဲ့ TED talk လေးထဲက နောက်ဆုံးအပိုင်းလေးပါ။ သူမက မျှော်လင့်ချက်နဲ့ပတ်သက်ပြီး လူတွေပြောခဲ့ကြတာတွေကို ဒီလိုထောက်ပြခဲ့သေးတယ်။

"ခေတ်အဆက်ဆက် လူတွေအများအပြားက လေအား၊ နေအားတွေ၊ ရေအားတွေနဲ့ ကမ္ဘာ့ရာသီဥတုတွေ မူမမှန်ဖြစ်နေတာကိုပြုပြင်မယ်လို့ ပြောခဲ့ကြတာများတယ်တဲ့၊ နောက်ပြီး

ရေရှည်တည်တံ့မယ့် စီးပွားရေးလုပ်ရမယ့်အကြောင်းတွေလည်း ပြောခဲ့ကြသေးတယ်။''

နောက်ပြီး ''ခေတ်အဆက်ဆက်က လူတွေက ဒီလိုအပြော လေးတွေနဲ့ သာယာနေခဲ့တယ်''လို့ ဝေဖန်ပါတယ်။ အဲဒီလိုအပြော တွေ၊ ကောင်းမွန်တဲ့အတွေးအခေါ်တွေက အလုပ်မဖြစ်ခဲ့ပါဘူး။

အဲဒါတွေအပြင် ''ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြီးကို ဖြစ် ပေါ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တွေကို ချက်ချင်း လျှော့ချဖို့ဆိုတာ ချက်ချင်းဖြစ်မလာပါဘူး။''

တစ်နေ့တစ်နေ့ လူသားတွေဟာ ရေနံဆီပေပါ သန်းပေါင်း (၁၀၀) နေ့တိုင်း အဆင်အခြင်မဲ့ ကြောက်မခန်းလိလိ ထုတ်သုံးနေ ပါတယ်။ အဲဒီဆီတွေဟာလည်း မကြာသောအချိန်မှာ ကုန်ဆုံးသွား တော့မှာပါ။ အဲဒီဆီတွေ ကမ္ဘာမြေကြီးထဲမှာပဲ ထားရှိဖို့အတွက် ဘယ်ဥပဒေကမှ တားဆီးထားတာမရှိပါဘူးလို့ အမြဲပြောတယ်။ လက်ရှိ ကမ္ဘာမှာရှိနေတဲ့ ဥပဒေသတွေအတိုင်းလုပ်နေရင်တော့ စစ်မှန်တဲ့ပြောင်းလဲမှုတွေ ဖြစ်လာဦးမှာမဟုတ်ဘူး။ ဘာကြောင့် လဲဆိုရင် အဲဒီအလုပ်မဖြစ်တဲ့ ဥပဒေတွေအားလုံးကိုလည်း ပြောင်း လဲပစ်ရမှာတဲ့၊ လူတိုင်း၊ အရာရာတိုင်းဟာ ပြောင်းလဲခြင်းနဲ့ အစပြုဖို့ ပါတဲ့။

ဒါမှသာလျှင် ကမ္ဘာကြီးရဲ့ ရေရှည်တည်တံ့မှုအတွက် မျှော် လင့်ချက်ရှိတော့မှာ။ မျှော်လင့်နေတာထက် လက်တွေ့လုပ်ဆောင် ကြဖို့ဆိုတာ ခုကတည်းက အစပြုရတော့မယ်ဆိုတာ Greta-Thunberg ရဲ့ စကားပါ။

"The year 2078, I will celebrate my 75th birthday. If I have children maybe they will spend that day with me. Maybe they will ask me about you. Maybe they will ask why yoy didn't do anything while there still was time to act."

၂၀၇၈ ခုနှစ်ဆိုတာ ကျွန်မရဲ့(၇၅)နှစ်ပြည့်မွေးနေ့ပါ။ တ ကယ်လို့ အဲအချိန်မှာ ကျွန်မမှာ ကလေးတွေရှိနေမယ်ဆိုရင် သူ တို့ဟာ ကျွန်မနဲ့အတူရှိနေကြမှာပါ။ အဲအချိန်ဆိုရင် အဲကလေး တွေဟာ သင်တို့အကြောင်းကို မေးပါလိမ့်မယ်။ သင်တို့အားလုံး ဒီလိုကမ္ဘာလုံးဆိုင်ရာ ရာသီဥတုကပ်ဘေးကြီးကိုမကြုံရဖို့ အချိန်ရခဲ့ ရဲ့သားနဲ့ ဘာတစ်ခုမှမလုပ်ခဲ့ကြဘူးလားဆိုတာ မေးကိုမေးမှာပါ။

ဒီစကားလေးကလည်း Climate Activies အဖြစ် ကမ္ဘာက အသိအမှတ်ပြုထားတဲ့ Greta- Thun berg ရဲ့ စိတ်ဝင်စားဖို့ ကောင်းတဲ့ စကားလေးပါ။ ယခုသူမဟာ (၁၅)နှစ်သမီးပဲရှိနေ သေးပေမယ့် သူမရဲ့ အသက်(၇၅)နှစ်အရွယ်မှာဖြစ်နေမယ့် ကမ္ဘာ့ ပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းကြီးကို ကြိုတင်ပြီး လိပ်ပြာ သန့်စွာနဲ့ ဆင်ခြင်နေတဲ့သူပါ။

ယနေ့ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်ခြင်းရဲ့ အ ကြောင်းရင်းများမှာ– အဓိကနှစ်ချက်ရှိတယ်လို့ သမ္မတဟောင်း အိုဘားမားထောက်ပြခဲ့တာ အမြဲပြောဖြစ်တယ်။ ပထမတစ်ခုက Human Behavior လူတွေရဲ့ မှားယွင်းတဲ့အပြုအမူတွေနဲ့ Carbon Emmision ဖန်လုံအိမ်ဓာတ်ငွေ့ အမြောက်အမြားထုတ်လွှတ် မှုတွေကြောင့် ဖြစ်ပါတယ်။

Climate Activist- Greta - Thunberg ကတော့ ကာဗွန်မ ထွက်တဲ့ ဘက်ထရီကားလေးပဲ စီးတယ်တဲ့။ ကမ္ဘာ့ရေနံသုံးစွဲမှုသည် တစ်နေ့တစ်နေ့ ရေနံဆီပေပါသန်းပေါင်း(၁၀၀) နေ့တိုင်း ကမ္ဘာ မြေကြီးထဲကနေတူးဆွပြီး ထုတ်သုံးနေပါတယ်။ အဲဒီဆီတွေဟာ လည်း မကြာသောအချိန်မှာ ကြောက်မခန်းလိလိ ကုန်ဆုံးသွား တော့မှာပါ။ အဲဒီဆီတွေ ကမ္ဘာမြေကြီးထဲမှာပဲ ထားရှိဖို့အတွက် ဘယ်ဥပဒေကမှ တားဆီးထားတာ မရှိပါဘူးလို့ အမြဲပြောတယ်။

နောက်ပြီး သူမရဲ့ အစားအစာစက်ဝန်းကိုလည်း သတိထား ပြီး Vegan အသားစားခြင်းကို ယုံကြည်ချက်နဲ့ ရှာင်ကြဉ်တယ်။ ဘာကြောင့်လဲဆိုတော့ စက်ရုံကမွေးထားတဲ့ အမဲသားတစ်ပေါင်ဖြစ် လာဖို့ ရေလီတာ(၂၀,၀၀၀)အသုံးပြုရတာတဲ့။ 20,000 liters of water is used for just 1 pound of beef. အသားမစားခြင်းဖြင့် ရေအမြောက်အမြားကို ထိန်းသိမ်းထားရာရောက်တယ်လို့ ယုံကြည် ပြီး Vegan အဖြစ် နေထိုင်တယ်။ သူ့မိဘတွေလည်း သမီးလိုပဲ နေထိုင်အသက်ရှင်တယ်လို့ပြောတယ်။

နောက်ပြီး သူတို့မိသားစုစားတဲ့ ဟင်းသီးဟင်းရွက်တွေကို လည်း ကိုယ်တိုင်စိုက်စားတယ်လို့ ဆိုသေးပါတယ်။ ကမ္ဘာ့ငြိမ်းချမ်း ရေး နိုဘယ်လ်ဆုရှင်တစ်ယောက်ရဲ့ မြေးမလေး၊ ချမ်းသာတဲ့ ဆွီဒင်နိုင်ငံသူ၊ နာမည်ကျော်အနုပညာရှင် မိဘနှစ်ပါးရဲ့သမီးလေး ဟာ အရာရာပြည့်စုံတဲ့အတွက် သူကိုယ်တိုင် စိုက်စားနေစရာမလို ပါဘူး။ ဒါပေမဲ့ သူမ ယုံကြည်ထားတဲ့ ရာသီဥတုဖောက်ပြန်မှုတွေကို ဒီလိုနေထိုင်ခြင်းအားဖြင့် သူမတစ်ယောက် အတိုင်းအတာတစ်ခုထိ လက်တွေ့အသက်ရှင်တာပါ။

နောက်ဆုံး သူမတစ်ယောက်တည်း နားလည်နေလို့မဖြစ်တဲ့



အတွက် သူမကိုယ်တိုင် လူအများလက်ခံလာဖို့ တစ်ကိုယ်တော်ဆန္ဒပြခြင်းဖြင့် အစပြုခဲ့တယ်။ သူမရဲ့ရာသီဥတုဖောက်ပြန်ခြင်းဆိုင်ရာ လှုပ်ရှားမှုကို ၂၀၁၈ ခုနှစ် ဆွီဒင်ပါလီမန်ရွေးကောက်ပွဲမတိုင်မီ ပါလီမန်ရုံးအဆောက်အအုံရှေ့လမ်းမပေါ်မှာ တစ်ကိုယ်တော်ဆန္ဒဖော်ထုတ်ပြီး စတင်ခဲ့တယ်။ အစိုးရနယ်ပယ်ကလူကြီးတွေ ဒီအရာကို လက်တွေ့လုပ်ကြဖို့ တောင်းဆိုမှုပါ။

အစိုးရလူကြီးများ သဘောပေါက်လက်ခံသွားပြီးတဲ့နောက် ရာသီဥတုဖောက်ပြန်ခြင်းကို လူတွေအသိရှိဖို့ တစ်ပတ်မှာတစ်ရက် ကျောင်းမတက်ခြင်းဖြင့် ရာသီဥတုဖောက်ပြန်မှုကို ဆွီဒင်နိုင်ငံတွင်းက ကျောင်းသားများသာမက ကမ္ဘာနှင့်တစ်ဝန်းက ကျောင်းသားလူငယ်များကိုလည်း စည်းရုံးနိုင်ခဲ့တယ်။ သူမကျောင်းမတက်ဘဲ ဆန္ဒဖော်ထုတ်ခြင်းရဲ့ရည်ရွယ်ချက်ကတော့ ကမ္ဘာ့ရာသီဥတုမူမမှန်ခြင်းကို ကမ္ဘာလုံးအသွင် ဖော်ထုတ်လှုပ်ရှားနေတာပါ။

Greta-Thunberg ရဲ့စကားတွေနဲ့ လုပ်ဆောင်ချက်တွေဟာ သဘာဝဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးနဲ့ ကမ္ဘာကြီးမှာ နေထိုင်သက်ရှင်ခြင်းတစ်မျိုးပါ။ လိုအင်ဆန္ဒတွေကိုလည်း လျှော့ချပြီးနေထိုင်ခြင်းလည်းဖြစ်တာကြောင့် လိုက်လုပ်ဖို့ခက်သလိုထင်ရပေမယ့် ယုံကြည်ချက်နဲ့ လူတွေလုပ်လာကြရင် ရာသီဥတုပြောင်းလဲခြင်းရဲ့ တုံ့ပြန်မှုကို နောင်လာနောက်သားတွေ မရှောင်ရှားနိုင်ရင်တောင် သက်သာခွင့်အတွက် တစ်ခုခုကိုတော့ လုပ်ဆောင်ဖို့လိုနေပြီဆိုတာ Greta-Thunberg နဲ့အတူ လူသားအားလုံးရဲ့ တာဝန်တွေပဲဖြစ်ပါတယ်။

ခုဆို မြန်မာနိုင်ငံတစ်ဝန်းမှာ ကိုယ်တွေနဲ့ထိတွေ့နေတဲ့သူတွေမှာ စက်ဘီးစီးပြီး ရာသီဥတုဆိုင်ရာဖောက်ပြန်မှုကို သတိထားတဲ့ ခေတ်လူငယ် လူကြီးတွေ၊ တိုက်ကြီးအိမ်ကြီးတွေအစား သဘာဝနဲ့ လိုက်လျောညီထွေမှုရှိတဲ့ မြေအိမ်တွေကို ယုံကြည်ချက်ရှိရှိနဲ့ လုပ်ဆောင်နေတဲ့လူငယ်တွေ အများကြီးရှိနေပြီ။ ရိုးစင်းခြင်းရဲ့ အလှအပတွေပါ။

မြို့ပြလူနေမှုတွေရဲ့ စိန်ခေါ်ချက်ကြီးဖြစ်တဲ့ စွမ်းအင်လိုအပ်ချက်ကို သဘောပေါက်ပြီး ကျေးလက်ဒေသ (သို့မဟုတ်) မြို့ပြနေရာများမှာပင် သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောမှုအဖြစ်ဆုံး နေထိုင်မှုမျိုးနဲ့ ပျော်ရွှင်စွာနေထိုင်နေတဲ့ မိတ်ဆွေတွေ အများကြီးရှိနေပါပြီ။

အသားစားခြင်းကိုလည်း ရောဂါဖြစ်မှာစိုးလို့ ရှောင်ရှားပြီးနေတာထက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မွန်မြတ်တဲ့စိတ်ထားတွေမွေးပြီး ယုံကြည်ချက်ရှိရှိနဲ့ ရှောင်နိုင်တဲ့သူတွေလည်း အများကြီးပါ။

ခေတ်ပညာတတ်ကြပေမယ့် သဘာဝပတ်ဝန်းကျင်နဲ့ အစားအစာကိုဆင်ခြင်ပြီး ပျော်ရွှင်တဲ့ဘဝတွေကို ပိုင်ဆိုင်နိုင်ဖို့ သဘာဝကျကျ စိုက်ပျိုးစားသောက်သူတွေ၊ သဘာဝကျကျ စိုက်ပျိုးစီမံထားတဲ့ အသီးအနှံတွေနဲ့ အစားအစာများကို သတိနဲ့ဝယ်ယူစားသောက်နေသူတွေလည်း တစ်နေ့ထက်တစ်နေ့ များလာနေပါပြီ။

ခေတ်ပညာများကိုဆည်းပူးနေရင်း မိရိုးဖလာပညာရေးတို့ သည်လည်း အဓိကအရေးကြီးကြောင်းကို သဘောပေါက်ပြီး အသစ်သောပညာရေးကိုဖန်တီးနေကြတဲ့ မိတ်ဆွေကျောင်းဆရာ/ဆရာမတွေလည်း အများကြီး နေရာအနှံ့မှာပေါ်ပေါက်နေတာတွေ့ရတော့ ကျေနပ်မိပါတယ်။

ဘာသာရေးတွေကိုဦးဆောင်နေကြတဲ့ သံဃာတော်တွေ၊ ခရစ်ယာန်ဓမ္မဆရာတွေလည်း ဘာသာရေးဆိုတာ လောကုတ္တရာအကျိုးတစ်ခုလောက်သာမဟုတ်ဘဲ လောကီအကျိုး (သဘာဝပတ်ဝန်းကျင်အကျိုး)ကို အသိစိတ်ရှိရှိ၊ ယုံကြည်ချက်ရှိရှိ လုပ်ဆောင်နေသူတွေ အများကြီးရှိနေတာကိုလည်း သတိထားမိတယ်။

ခုဆို တက္ကသိုလ်အများမှာ Environmental Club လေးတွေ စိတ်ဝင်တစားလှုပ်ရှားလာနေတဲ့ လှုပ်ရှားမှုတွေလည်း မကြာမကြာ တွေ့နေရပါပြီ။ အော်ဂင်းနစ်ရဲ့အကျိုးကိုနားလည်ပြီး တောင်သူဘဝတွေကို စာနာနားလည်လာကြတဲ့သူတွေလည်း မနည်းတော့ပါဘူး။ ဒီထက်မက ပတ်ဝန်းကျင်အကျိုးကို လှုပ်ရှားနေသူတွေအားလုံးဟာ နောင်လာမယ့် ၂၀၈၇ ခုနှစ် မှာရှိနေမယ့် ကလေးတွေရဲ့ မေးခွန်းကို အကောင်းဆုံးဖြေဆိုနေပါပြီဆိုတာကို မြင်ယောင်ရင်း ကျေနပ်မိပါတယ်။

**နီးကို၏ စာစုများ**

**မျက်နှာဖုံးဒီဇိုင်း**
– ဂျိုနသန်

**စီစဉ်သူစာတည်း**
– စိုက်သူ

**အတွင်းဒီဇိုင်း**
– ညီထွေးကလေး

**အယ်ဒီတာ**
– မှုမှုဝင်း

**စာစီစာရိုက်**
– မိုးမျိုးချစ်



# ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို လေ့လာခြင်း

## ဗေရယ်ဝင်း

ရှင်ယောဟန်ခရစ်ဝင်ကျမ်းစာစောင်ကို ရေးသားသူမှာ တမန်တော်ရှင်ယောဟန် ဖြစ်ပါသည်။ သူသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်းအပြင် ရှင်ယောဟန်ဩဝါဒစာစောင်(၃)စောင်နှင့် ဗျာဒိတ်ကျမ်းတို့ကို ရေးသားခဲ့သူလည်းဖြစ်သည်။ **ရှင်ယောဟန်သည် သခင်ယေရှုဘုရားချစ်တော်မူသော တပည့်တော်** ဖြစ်ကြောင်းကိုလည်း ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ (၆)ကြိမ်တိုင်တိုင် ဖော်ပြထားသည်။ သခင်ဘုရား၏ နောက်ဆုံးသောညစာစားပွဲ၌ သခင့်ရင်ခွင်နားတွင် လျောင်းလျက်ရှိကြောင်း (ယော ၁၃း၂၃)တွင် ဖော်ပြထားသည်။ သခင်ယေရှုကို ဖမ်းဆီးခေါ်ဆောင်သွားချိန်၌လည်း **ပေတရုနှင့် အတူလိုက်ပါလာသူ အခြားသောတပည့်တော်မှာ ရှင်ယောဟန်ပင်ဖြစ်ကြောင်း**ကိုလည်း ကျမ်းတတ်ပညာရှင်အများက ယုံကြည်ကြသည် (ယော ၁၈း၁၅– ၁၆)။ ယေရှုဘုရား ကားတိုင်ထက်မှ ဝေဒနာခံစားနေရချိန်၌လည်း "*ထိုအခါ မယ်တော်နှင့် ချစ်တော်မူသော တပည့်တော်သည် အနားမှာရပ်နေသည်ကို ယေရှုသည် မြင်တော်မူလျှင်၊ မယ်တော်အား၊ အချင်းမိန်းမ၊ သင်၏သားကို ကြည့်ပါဟု၍၎င်း၊ တပည့်တော်အားလည်း၊ သင်၏အမိကိုကြည့်ပါဟူ၍၎င်း မိန့်တော်မူ၏။ ထိုအခါမှစ၍ ထိုတပည့်တော်သည် မယ်တော်ကိုမိမိအိမ်၌ သိမ်းထား၏။*"(ယော ၁၉း၂၆–၂၇)။

ထိုအခြင်းအရာကို ကြည့်ခြင်းအားဖြင့် **သခင်ယေရှု ကားတိုင်ပေါ်အသေခံခဲ့ချိန်၌ တပည့်တော်(၁၂)ပါးထဲမှ ရှင်ယောဟန်တစ်ပါးတည်းသာလျှင် သခင်ယေရှုအနားတွင်ရှိကြောင်းကို တွေ့နိုင်ပါသည်။ ရှင်ယောဟန်သည် ခရစ်တော်၏ တပည့်တော်(၁၂)ပါးတွင် အသက်အငယ်ဆုံးသော တပည့်တော်ဖြစ်ပြီး၊** သူတစ်ဦးမှလွဲ၍ ကျန်သောတပည့်တော်များအားလုံးသည် မာတုရအဖြစ် အသေခံခဲ့ကြရသည်။

### Synoptic Gospels နှင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်း

ယေရှုခရစ်တော်၏သက်တော်စဉ်ကို ရေးသားဖော်ပြခဲ့သည့် ခရစ်ဝင်ကျမ်းစာစောင်(၄)စောင်ရှိသည့်အနက် ပထမ(၃)စောင်ဖြစ်သည့် ရှင်မဿဲခရစ်ဝင်ကျမ်း၊ ရှင်မာကုခရစ်ဝင်ကျမ်းနှင့် ရှင်လုကာခရစ်ဝင်ကျမ်းတို့ကို Synoptic Gospels ဟုခေါ်ဆိုကြပါသည်။ အကြောင်းမှာ ထိုကျမ်းစာစောင်(၃)ခုသည် တူညီသောအမြင်ရှု



ဒေါင့်၊ တည်ဆောက်ပုံနှင့် ပါဝင်သောအကြောင်းအရာတို့ ထပ်တူညီမှုရှိကြပြီး Synoptic Gospels ၏ ဂရိဆိုလိုရင်းမှာ "Same eye" ဟု ဆိုပါသည်။ တစ်ဦး၏ရေးသာဖော်ပြချက်က နောက်တစ်ဦး၌လည်း ဆင်တူရိုးမှားဖြစ်သော အဖြစ်အပျက်အကြောင်းအရာ၊ ပုံဝတ္ထုနှင့် သခင်ယေရှု၏အသက်တာနှင့် သွန်သင်ချက်များ၌ ထပ်တူကျသောစကားလုံးများကို တွေ့ရသည်။

သို့သော်လည်း **ရှင်ယောဟန်ခရစ်ဝင်ကျမ်းစာစောင်မူကား ထို Synoptic Gospels များနှင့်မတူ သီးသန့်ခွဲထွက်သွားသည်။** ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို အစပြုသည်နှင့် သခင်ယေရှု၏ မွေးဖွားခြင်း သက်တော်စဉ်ကို ရေးသားဖော်ပြထားခြင်းမရှိဘဲ၊ *"အစဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစအဦး၌ ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သောအရာ တစုံတခုမျှမရှိ။"*ဟု (ယော ၁း၁-၃)၌ ဖော်ပြထားပါသည်။ ထို*"နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍….."*(ယော ၁း၁၄)။ လူ့ဇာတိအဖြစ်ကိုခံယူတော်မူသော ထိုနှုတ်ကပတ်တော် (ယေရှုခရစ်တော်)သည် အစအဦးကတည်းကပင် ရှိနှင့်နေပြီးဖြစ်ကြောင်း၊ ဘုရားသခင်နှင့်အတူရှိကြောင်း၊ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူကြောင်း၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူသောဘုရားဖြစ်ကြောင်းကို အတိအလင်းကြေညာဖော်ပြထားပြီး၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ရှေ့ဆက်ဖော်ပြမည့် အကြောင်းအရာများ၌လည်း ယေရှုခရစ်၏ ဘုရားဂုဏ်တော်များကို အလေးပေးဖော်ပြသွားကြောင်း တွေ့ရပါသည်။ သင်သည် သခင်ယေရှုခရစ်ကို အစအဦးကတည်းကပင် ရှိနှင့်နေပြီးဖြစ်သောဘုရားဖြစ်ကြောင်း လက်ခံပါလား? ယေရှုခရစ်သည် လူ့ဇာတိကို ခံယူတော်မူသောဘုရား၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူသော ဘုရားဖြစ်ကြောင်းကို ယုံကြည်လက်ခံပါသလား?

**အဘယ်ကြောင့် ရှင်ယောဟန်က သခင်ယေရှုအား နှုတ်ကပတ်တော်ဟုခေါ်ဆိုသနည်း?**

နှုတ်ကပတ်တော်(The Word)ဆိုသည်က ဓမ္မပညာရှင်များနှင့် အတွေးအခေါ်ပညာရှင်များသုံးသော အသုံးအနှုန်းဖြစ်သည်။ ဟေဗြဲကျမ်းစကားအရဆိုလျှင် –

**ဖန်ဆင်းခြင်း၏စေတမန်** *"ထာဝရ ဘုရား၏နှုတ်ကပတ်တော်အားဖြင့် မိုဃ်းကောင်းကင်ကိုင်၎င်း၊ နှုတ်တော်အသက်အားဖြင့် မိုးဃ်ကောင်းကင်တန်ဆာများကို၎င်း ဖန်ဆင်းတော်မူ၏။"*(ဆာလံ ၃၃း၆)၊

**ဘုရားသခင်မှ သူ၏လူမျိုးတော်ထံသို့ ပေးပို့သည့်သတင်းစကား** *"ယုဒရှင်ဘုရင်ဩဇိမင်း၊ ယောသံမင်း၊ အာခတ်မင်း၊ ဟေဇကိမင်း၊ ဣသရေလရှင်ဘုရင်ယောရှသား ယေရောဗောင်မင်းတို့လက်ထက်၊ ဗေရိ၏သားဟောရှေသို့ရောက်လာသော ထာဝရဘုရား၏နှုတ်ကပတ်တော် အစအဦးဟူမူကား"* (ဟောရှေ ၁း၁)၊

**ဘုရားသခင်၏ပညတ်တော်၊ ဘုရားသခင်၏သန့်ရှင်းမြင့်မြတ်သောစံနှုန်း** *"လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့ သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်ကပတ်တော်အတိုင်း သတိပြုရမည်။ အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ရှာပါ၏။ ပညတ်တော်လမ်းမှ လွဲစေတော်မမူပါနှင့်။ ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည်အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှ သိုထားပါပြီ။"* (ဆာလံ ၁၁၉း၉-၁၁) အစရှိသည့် ကျမ်းပိုဒ်များအရ ဘုရားသခင်နှင့်စပ်ဆိုင်သောအကြောင်းအရာကို နှုတ်ကပတ်တော်အားဖြင့် ဖွင့်ပြခြင်း၊ ဖော်ပြနေခြင်းပင် ဖြစ်ပါသည်။ တမန်တော်ရှင်ယောဟန်အနေဖြင့် သူသိကျွမ်းသော၊ အတူသွားလာခဲ့သော ယေရှုခရစ်သည် တချိန်တည်းမှာပင် **စကြဝဠာတစ်ခုလုံး၏ ဖန်ဆင်းရှင်**သခင်ဖြစ်သလို၊ ထိုဘုရားသခင်ကို လူသားအပေါင်းတို့ သိမြင်လာစေရန် **ဖွင့်ပြ၊ ဖော်ပြနေသောသူ**ဖြစ်ကြောင်းကို ရှင်းလင်းစွာ သိမြင်စေလိုပါသည်။ သားတော်ဘုရားသည် ခမည်းတော်ဘုရား၏ဘုန်းကို ထင်ရှားစေခြင်းငှါ ကြွလာခြင်းဖြစ်သည်ဟု ဆိုပါသည်(ယော ၁၇း၄)။

ယုံကြည်သူဖြစ်သော ကျွန်ုပ်တို့သည် စားသော်၎င်း၊ သောက်သော်၎င်း မည်သည့်အမှုကိုပြုသော်၎င်း ဘုရားသခင်၏ဘုန်းကို ထောက်၍ ပြုရန်ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာ ကျင့်ကြံပြုမူခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ ပြောစကားများက ဘုရားသခင်၏ဘုန်းကို ထင်ရှားစေပါသလား?

**ဟုတ်မှန်သောအလင်း**

*"ဟုတ်မှန်သောအလင်းမူကား၊ ဤလောကသို့ကြွလာလျက်*

*ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေးသောသူဖြစ်သတည်း။ ထိုသူသည် ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကိုမသိ။’’*(ယော ၁း၉-၁၀)။

ကျွန်ုပ်တို့လူသားများသည် အသက်ရှင်သန်ဖို့ရန်အတွက် အလင်းရောင်၊ လေ၊ ရေနှင့် အစားအစာတို့ကို မရှိမဖြစ် လိုအပ်ပါသည်။ သခင်ယေရှုသည် ‘ဟုတ်မှန်သောအလင်း’ဟုဆိုခြင်းက သူသည် ကျွန်ုပ်တို့အသက်ရှင်ခြင်း၏ အရင်းအမြစ်ဖြစ်ကြောင်းကို သိစေပါသည်။ အလင်းရောင်မရှိပါက ဤကမ္ဘာပေါ်ရှိ လူသားများ အသက်ရှင်ခြင်းငှာ မဖြစ်နိုင်တော့ပါ။ အရာခပ်သိမ်းက သေဆုံးသွားကြမည်ဖြစ်သည်။ ဤလောက၏အလင်းဖြစ်သော ယေရှုခရစ်တော်သာမရှိပါက ကျွန်ုပ်တို့လူသားများသည် မှောင်မိုက်၌ လမ်းဆုံးကြရပါလိမ့်မည်။ ယုံကြည်သောသူတို့အား တချိန်က မှောင်မိုက်၏သားမှ အလင်း၏သားအဖြစ်သို့၎င်း၊ ဝိညာဉ်မျက်စိကန်းခြင်း/သေခြင်းမှ ဝိညာဉ်အသက်ရှင်ခြင်းသို့၎င်း ရောက်စေခဲ့ပါသည်။ ဆက်လက်ပြီး သခင်ယေရှုက မိမိသည် ‘‘အသက်ရေ’’ဖြစ်ကြောင်း (ယော ၄း၁၀-၁၄)နှင့် ‘‘အသက်မုန့်’’ဖြစ်ကြောင်း (ယော ၆း၃၅) တွင် ဖော်ပြထားပါသည်။ လူသားအပေါင်းတို့၏ အသက်၏အရင်းအမြစ်ဖြစ်သော ယေရှုခရစ်တော်၌တည်မှသာလျှင် ကျွန်ုပ်တို့ဘဝသည် ရှင်သန်၊ ကြီးထွား၊ အသီးသီးနိုင်မည်ဖြစ်ကြောင်းကိုလည်း ရှင်ယောဟန် အခန်းကြီး(၁၅)၌ စပျစ်ပင်နှင့် အခက်များအားဖြင့် ဖော်ပြထားပါသည်။ အပင်သည် အရင်းအမြစ်၌မတည်လျှင် သေဆုံးသွားပါလိမ့်မည်။ အပင်ကို အရင်းအမြစ်မှ ဖြတ်တောက်ပစ်မည်ဆိုလျှင် ဆက်လက်ရှင်သန်ခြင်းငှါ မဖြစ်နိုင်တော့ပါ။ ထို့နည်းတူ ကျွန်ုပ်တို့သည်လည်း အသက်၏အရင်းအမြစ်ဖြစ်သော သခင်ယေရှု၌တည်ဖို့ရန် လိုအပ်ပါသည်။

စာရှုသူ မိတ်ဆွေရော၊ မိမိအသက်တာ၏ အရင်းအမြစ်ဖြစ်သော ယေရှုခရစ်၌ တည်နေပါပြီလား၊ ယေရှုခရစ်တော်၌ မိတ်ဆွေဘဝ၏အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို ရှာဖွေတွေ့ရှိပါပြီလား?

**ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်**

‘‘*ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့။*’’ (ယော ၁း၂၉)ဟု ဗတ္တိဇံဆရာယောဟန်က နှစ်ကြိမ်တိုင်တိုင် ဖော်ပြထားပါသည်။ ဘုရားသခင်သည် လူ၏အသက်ဝိညာဉ်ကို ဤစကြာဝဠာထက် သာ၍တန်ဖိုးထားပါသည်(မာကု ၈း၃၆-၃၇)။ ချစ်သော စာရှုသူမိတ်ဆွေ၊ စားသုံးဆီတစ်ပိသာနှင့် သစ်ရွက်တစ်ရွက်ကို အလဲအလှယ်ပြုမည်ဆိုပါက တရားမျှတသော အလဲအလှယ်ဖြစ်ပါမည်လား? စားသုံးဆီ တစ်ပိသာကို ထိုစားသုံးဆီတစ်ပိသာ၏ တန်ဖိုးနှင့်ညီမျှသော လဲလှယ်မှုသာလျှင် လက်သင့်ခံနိုင်သည် မဟုတ်ပါလား။ ထိုနည်းတူစွာပင် ဘုရားသခင်သည် ကြီးမားသောအလဲအလှယ်ကို လုပ်ခဲ့ပါသည်။ အပြစ်လုပ်သော အပြစ်သားများအတွက် ဘုရားသခင်၏အမျက်တော်ပြေစေရန်၊ လူနှင့်ဘုရားအကြား ရန်ပြေငြိမ်းခြင်း ပြန်လည်ရရှိရန် အပြစ်၏အဘိုးအခကိုခံယူဖို့ရန် ထာဝရဘုရားသခင်ဘက်မှ ပြင်ဆင်ပေးသောလမ်းမှ တစ်ပါးတည်းသောသားတော်ကို ပေးခဲ့သည် မဟုတ်ပါလား? ကျွန်ုပ်တို့လူသားများသည် အပြစ်လုပ်ကြပါသည်။ အပြစ်ကြောင့် အပြစ်ဒဏ်ခံရမည်ကိုလည်း သိပါသည်။ ကျွန်ုပ်တို့ပြုလုပ်သောအပြစ်အတွက် တစ်စုံတစ်ဦးက ကိုယ်စားခံယူပေးမည်ဆိုလျှင် ကျွန်ုပ်တို့ကို အလွန်ချစ်သောကြောင့်ပင်။ ထိုကဲ့သို့သောလူစားမျိုးကို ကျွန်ုပ်တို့လူ့အသိုင်းအဝန်း၌ ရှာ၍တွေ့နိုင်ပါသလား? ကျွန်ုပ်တို့လွန်ကျူးခဲ့သော အပြစ်ဒဏ်အလုံးစုံတို့အတွက် ‘‘အပြစ်တရား၏အခကား သေခြင်းပေတည်း’’ သေဒဏ်ပေးခံရမည်ဆိုလျှင်ကော ကိုယ်စားခံပေးမည့်သူ ရှိပါမည်လား? ဖြစ်နိုင်ချေမရှိသလောက်ပင်။ သို့သော်လည်း သခင်ယေရှုသည် လူသားအပေါင်းတို့၏ အပြစ်များအားလုံးကို ယူတင်ဝတ်ဆောင်ပေးသွားသော ဘုရားသခင်၏ သိုးသငယ်တော်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ထာဝရမေတ္တာနှင့် ချစ်ပါသည်။ ‘‘*ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကို ကယ်တင်ခြင်းငှါ ဤလောကသို့ ကြွလာတော်မူသည်ဟူသောစကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ခံယူအပ်သော စကားလည်းဖြစ်၏။*’’ (၁တိ ၁း၁၅)။ ထာဝရဘုရားသည် သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့် ကျွန်ုပ်တို့သည် ဆုံးရှုံးခြင်းမရောက်ကြောင်း သင်ယုံကြည်လက်ခံပါသလား။ ကျွန်ုပ်တို့သည် နံနက်တိုင်း ကရုဏာတော်အသစ်ကို ခံစားရပါသည်။ ဘုရားသခင်၏သစ္စာတော်သည် ကြီးမြတ်ပါ၏။

အချုပ်ဆိုရသော် အပြစ်ကြောင့် ဝိညာဉ်ရေးရာ၌ ဘုရားသခင်နှင့်ဝေးကွာခဲ့ရသော လူသားများကို ဘုရားသခင်သည် ရွေးနှုတ်ကယ်တင်ဖို့ရန် သခင်ယေရှုကို ဤလောကသို့ စေလွှတ်ခဲ့သည့်အရာ၌ ကျွန်ုပ်တို့ လူသားများ မှောင်မိုက်ကမ္ဘာထဲမှ အလင်းနိုင်ငံသို့ ပြန်ရောက်ဖို့ရန် သခင်ယေရှုက မိမိကိုယ်ကို ‘‘ငါသည် ဤလောက၏ အလင်းဖြစ်၏’’ဟုဆိုပါသည်။ သခင်ယေရှုသည် ‘‘ထာဝရအသက်ရေကိုပေးပိုင်သူ’’နှင့် ‘‘အသက်မုန့်’’ ဖြစ်ကြောင်းကိုလည်း အခိုင်အမာပြောဆိုခဲ့ပါသည်။ မိတ်ဆွေ ဝိညာဉ်အသက်တာ၏ အရင်းအမြစ်ဖြစ်သော သခင်ယေရှုကို ယုံကြည်ကိုးစားမည်ဆိုပါက ယေရှုက ‘‘ငါသည် သိုးတို့ကို အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှါ လာသတည်း’’ဟုဆိုပါသည်။ မိတ်ဆွေအတွက် ပြည့်စုံကြွယ်ဝသော ဘဝအသက်တာကိုပေးဖို့ရန် ဘုရားသခင်အလိုတော်ရှိပါသည်။

နောက်လာမည့်စာစဉ်၌ အခန်းကြီး(၂)ကို ဆက်လက် လေ့လာကြည့်သွားပါမည်။

**ပေရယ်ဝင်း**



# နှလုံးသားနှစ်ခု ရင်ခုန်သံတစ်ချက်

ကိုးမေ

ဒီခေါင်းစဉ်လေးကတော့ လက်ဆင့်ကမ်း လွှဲပြောင်းခြင်းရဲ့ အခြေခံဖြစ်တယ်လို့ ယူဆမိပါတယ်။ ပေးကမ်းသူနှင့် ခံယူသူတို့ရဲ့ နှလုံးသားနှစ်ခု၊ ရင်ခုန်သံတစ်ချက်တည်း ထပ်တူကျတဲ့အခါမှာ လက်ဆင့်ကမ်းလွှဲပြောင်းမှု အောင်မြင်တာ တွေ့မြင်ရမှာဖြစ်တယ်။

ဒီအကြောင်းအရာကို အခြေပြုကျမ်းချက် (တ ၂း၁၇)အားဖြင့် ဖော်ပြချင်ပါတယ်။ ''ဟောဖူးသောအချက်ကား၊ နောင်ကာလ၌ လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည် ဗျာဒိတ်ရူပါရုံတို့ကို မြင်ရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည်လည်း နိမိတ်အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်''

ဒါကို (ယောလ ၂း၂၈)မှာလည်း တွေ့နိုင်ပါတယ်။ ထာဝရဘုရားက ယောလအားဖြင့် ဗျာဒိတ်ပေးတဲ့အတိုင်း သန့်ရှင်းသောဝိညာဉ်တော်က အလုပ်လုပ်တာကိုတွေ့ရတယ်။ ယနေ့ခေတ်မှာလည်း ဘုရားသခင်က အလုပ်လုပ်ပေးချင်ပါတယ်။ မျိုးဆက်သစ်များကိုလက်ဆင့်ကမ်းဖို့ ကျွန်မတို့လုပ်ရမှာကဘာလဲ? ဘုရားအပေါ်မှာထားတဲ့ ကျွန်မတို့ရဲ့ယုံကြည်ခြင်းက ဘယ်လိုလဲ? ဘာတွေကို ကျွန်မတို့ လက်ဆင့်ကမ်းကြမလဲ?

သမ္မာကျမ်းစာထဲက ရုသဝတ္ထုမှာ ချွေးမဖြစ်သူရုသက ယောက္ခမဖြစ်သူနောမိကို ဘာကြောင့် တမ်းတမ်းစွဲရတာလဲ? (ရုသဝတ္ထု ၁း၁၆)ကိုကြည့်မယ်ဆိုရင် ''ရုသက၊ ကျွန်မသည် ကိုယ်တော်ကို မစွန့်ပါရစေနှင့်။ နောက်တော်သို့မလိုက်ဘဲ ပြန်သွားစေခြင်းငှါ မပြုပါနှင့်။ ကိုယ်တော်သွားလေရာရာသို့ ကျွန်မလိုက်ပါမည်။ ကိုယ်တော်အိပ်လေရာရာ၌ ကျွန်မအိပ်ပါမည်။ ကိုယ်တော်အမျိုးသည် ကျွန်မအမျိုး၊ ကိုယ်တော်ဘုရားသည် ကျွန်မဘုရားဖြစ်ပါစေ''။

လူနှစ်ဦးရဲ့ နှလုံးသားနှစ်ခု၊ ရင်ခုန်သံ တစ်ချက်တည်းကျနိုင်ဖို့ အကြောင်းရင်း(၅)ခုကို ရှာဖွေတွေ့ရှိပါတယ်။ ပထမအချက်ကတော့– လုံခြုံစိတ်ချမှုကိုဖြစ်စေခြင်းပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ရုသနှင့်နောမိက လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ လုံးဝမတူ၊ ခြားနားကွဲပြားတဲ့ အသိုင်းအဝိုင်း(၂)ခုဖြစ်တယ်။ ရုသက မောဘအမျိုးဖြစ်တယ်။ မောဘအမျိုးအနွယ်ကို ဘုရားသခင်မကြိုက်တဲ့အကြောင်း ဖော်ပြထားတဲ့ သမ္မာကျမ်းစာအချက်အလက်တချို့ကိုဖော်ပြချင်ပါတယ်။

(၁) လောတဆိုတဲ့ အဖေကို ပြန်ယူတဲ့သမီးကြီးကမွေးတဲ့ မောဘအမျိုးအနွယ်ဖြစ်တယ်။ (ကမ္ဘာ ၁၉း၃၇)

(၂) မောဘအမျိုးအနွယ်တွေက ဣသရေလလူမျိုးတွေ လမ်းမှားရောက်အောင်လုပ်တယ် (တောလည် ၂၅း၁-၅)

(၃) ထာဝရဘုရားရဲ့ ပရိသတ်ထဲ (၁၀)ဆက်မြောက်အောင် မဝင်ရမည့်အကြောင်း (တရားဟော ၂၃း၃)

(၄) မောဘအမျိုးသားတွေ မာနကြီးလို့ ဘုရားရှုံ့ချရတဲ့အကြောင်း (ယေရမိ ၄၈)မှာ တွေ့မြင်နိုင်တယ်။

ဘုရားသခင်ကိုကိုးကွယ်တဲ့ ယုဒလူမျိုးနောမိက မတူညီမှုများ၊ ကွဲပြားမှုများရှိသော်လည်း ခြားနားစွာဆက်ဆံခြင်းကိုမပြဘဲ ယုံကြည်စိတ်ချမှုနှင့် လုံခြုံမှုကိုပေးခဲ့ပါတယ်။

ဒီနေ့ လုံခြုံစိတ်ချမှုရစေဖို့အတွက်ကတော့ ဘုရားသခင်နှင့် မိတ်ဆက်ပေးဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် မိသားစုအတွင်း၊ အသင်းတော်အတွင်း၊ အဖွဲ့အစည်းအတွင်းမှာ ခေါင်းဆောင်များက မျိုးဆက်သစ်များကို ဘုရားကိုဦးထိပ်ထားရန်၊ Put God First ပြုလုပ်ပေးရန် ဖြစ်ပါတယ်။ ရုသက ကိုယ်တော်ဘုရားက ကျွန်မဘုရားလို့ ပြောရလောက်အောင် နောမိကရုသကို ဘုရားနှင့်မိတ်ဆက်ပေးနိုင်ခဲ့တယ်။ ကျွန်မတို့ကော...?

ဒုတိယအချက်ကတော့- ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာ၌ ကြီးထွားစေဖို့ပဲ ဖြစ်ပါတယ်။ အချစ်မခံရတဲ့ကလေးက မချစ်တတ်ပါဘူး။ မှားယွင်းစွာအချစ်ခံရရင်လည်း မှန်ကန်စွာ မချစ်တတ်နိုင်ပါဘူး။ မိခင်ဖြစ်သူရေဗက္ကာရဲ့ အချစ်မတူလို့ သားဧသောနှင့် ယာကုပ်ညီအစ်ကိုတွေ အမုန်းပွားပြီး ရန်သူဖြစ်သွားတာကို တွေ့ရတယ်။ မညီမျှတဲ့ ချစ်ခြင်းမေတ္တာခံစားရတဲ့ ယာကုပ်ကလည်း မညီမျှတဲ့ချစ်ခြင်းကို သားယောသပ်ကိုပြန်ပေးပါတယ်။ ဒါကြောင့် ညီအစ်ကိုအားလုံးက ယောသပ်ကိုမုန်းတီးပြီး သတ်ဖို့ကြိုးစားကြတယ် (ကမ္ဘာ ၃၇)။

ရုသကတော့ နောမိရဲ့ချစ်ခြင်းမေတ္တာကို အပြည့်အဝခံစားရပါတယ်။ ဘုရားရဲ့ပုံသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းခြင်းခံရတဲ့ ရုသကို ကွဲပြားပေမဲ့ မခွဲခြားခဲ့ပါဘူး။ ဂရုမစိုက်၊ နေရာမပေးခြင်း၊ မနာလိုတာတွေ လုံးဝမရှိခဲ့ဘူး။ ကျွန်မတို့တွေကော ဘုရားရဲ့မေတ္တာနဲ့ မှန်ကန်စွာချစ်ရဲ့လား?

တတိယအချက်ကတော့- အပြန်အလှန်လေးစားမှုနှင့် နေရာပေးမှုပဲ ဖြစ်ပါတယ်။ နောမိကရုသကိုလေးစားပြီး လုပ်ပိုင်ခွင့်အပြည့်အဝပေးသလို ရုသကလည်း နောမိကိုလေးစားပြီး မိမိလုပ်ဆောင်တဲ့အလုပ်ကြောင်းကို သေချာလေးပြန်ပြောတာ တွေ့ရတယ် (ရုသ ၂း၂၊ ၂၂-၂၃)။ ဒါ့ပြင် ဘုရားချစ်တဲ့ဒါဝိဒ်က ဗိမာန်တော်ကို သူမဆောက်ရပေမဲ့ သားရှောလမုန်အတွက် ပြင်ဆင်နေရာပေးတာကို တွေ့ရတယ်။

ဒါကြောင့်မလို့ အပြန်အလှန်လေးစားမှုနှင့် နေရာပေးလုပ်ဆောင်စေခြင်းက အရေးကြီးတဲ့အချက်မှာ ပါဝင်ပါတယ်။ မျိုးဆက်သစ်တွေကိုစိတ်မချလို့ မလုပ်ခိုင်းတဲ့အခါမှာ ဘာမှတတ်မှာ မဟုတ်ပါဘူး။ မလုပ်နိုင်ဘူး၊ မလုပ်တတ်ဘူး၊ စိတ်မချရဘူးဆိုရင် လေ့ကျင့်ပြီး နေရာပေးခြင်းအားဖြင့် အမှားထဲက သင်ယူနိုင်ပါတယ်။ ဒီနေ့ ကျွန်မတို့တွေ မျိုးဆက်သစ်တွေကို လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် သူတို့တွေကို လေးစားမှုပြကြရအောင်။

စတုတ္ထအချက်ကတော့- ဘုရားသခင်ရဲ့ လမ်းညွှန်မှုအတိုင်း လမ်းပြပေးခြင်းအားဖြင့် နာခံမှုရှိစေခြင်းပဲ ဖြစ်ပါတယ်။ (ရုသ ၃း၁-၅)မှာ ရုသကို ဗောဇနားမှာ သွားအိပ်ခိုင်းတယ်။ နောမိမှာတဲ့အတိုင်းပြုမယ်ပြောပေမဲ့ မလွယ်ကူလှပါဘူး။ ဘုရားချစ်တဲ့လူက ကောင်းစားမှုဖြစ်အောင် သွန်သင်ပေးတာဖြစ်တယ်လို့ ခံယူနိုင်တဲ့အတွက် သခင်ယေရှုရဲ့အနွယ် တော်ဝင်မိသားစု ဖြစ်လာခဲ့ပါတယ်။

မောရှေက ယောရှုကိုလမ်းပြခဲ့သလို ဗာနဗက ပေါလုကို လမ်းညွှန်ခဲ့ပါတယ်။ ဒါကြောင့် ဘုရားချစ်တဲ့လူတွေက ဘုရားလမ်းအတိုင်း လမ်းပြမှုတွေပေးဖို့ လိုအပ်ပါတယ်။ တမန်တော်ဝတ္ထုမှာ အစောပိုင်းက ဗာနဗ ရှေ့လုလို့ဖော်ပြပေမယ့် နောက်ပိုင်းမှာ ပေါလုက ဦးဆောင်သူဖြစ်လာပြီး ပေါလု ဗာနဗဖြစ်လာတာကို တွေ့နိုင်ပါတယ်။ (တ ၉း၂၇၊ ၁၂း၂၅၊ ၁၃း၂)။ ဒီနေ့ ကျွန်မတို့ရဲ့ မျိုးဆက်သစ်ကို ဘုရားရဲ့ Guide Line အတိုင်း လမ်းညွှန်မှုပေးပြီးလား?

ပဉ္စမအချက်ကတော့- ဂုဏ်ယူ၊ ချီးမြှောက်ခြင်းပဲ ဖြစ်ပါတယ်။ မိသားစုထဲမှာ ကိုယ့်သားသမီးတွေ မကောင်းတဲ့အကြောင်းကို မိဘတွေကပဲ ပြောပါတယ်။ ဒါပေမဲ့ (ရုသ ၃း၁၁)မှာတော့ ရုသက သီလနှင့်ပြည့်စုံသောမိန်းမဖြစ်ကြောင်း ငါနေတဲ့ တမြို့လုံးသိတယ်လို့ ဗောဇကပြောခဲ့တယ်။ ဒါကတော့ နောမိက သူ့ချွေးမ ရုသကို ကောင်းတဲ့အကြောင်းပဲပြောတဲ့အတွက် နာမည်ကောင်းရစေတာဖြစ်တယ်။ မာရိကိုယ်ဝန်ရှိတဲ့အခါမှာ အစ်မဖြစ်သူ ဧလိရှဗက်က ချီးမွမ်း၊ ဂုဏ်ပြုစကားဆိုခဲ့ပါတယ်။ ကျွန်မတို့တွေကော မျိုးဆက်သစ်တွေရဲ့ လုပ်ဆောင်မှုအပေါ်မှာ ကောင်းကြောင်း ဂုဏ်ယူချီးမြှောက်မှုရှိပါရဲ့လား?

အခုပြောတဲ့(၅)ချက်သာ ပြည့်စုံမယ်ဆိုရင် မိသားစုထဲမှာ နောမိနှင့်ရုသလို 'Two Hearts but One Beat' ဖြစ်လာမယ်။ အသင်းတော်၊ အဖွဲ့အစည်းမှာ 'Many Hearts But One Beat' ဖြစ်လာမယ်။ ကျွန်မတို့ ဘယ်လိုမျိုး မျိုးဆက်သစ်ကို လက်ဆင့်ကမ်းမလဲ မမေ့ပါနဲ့။

- လုံခြုံစိတ်ချမှုရှိအောင် ဘုရားကိုပေးပါ။
- ဘုရားရဲ့ချစ်ခြင်းမေတ္တာနှင့် ကြီးထွားစေပါ။
- အပြန်အလှန်နားလည်မှုနှင့် လေးစားမှုရှိပြီး လုပ်ပိုင်ခွင့်ပေးပါ။
- ဘုရားရဲ့လမ်းညွှန်မှုနှင့် လမ်းပြမှုပေးပါ။
- ချီးမြှောက်ဂုဏ်ပြုပါ။

အမှုတော်မြတ်၌ . . .

**ကိုးမေ**



# ခရစ်တော်သည် ထမြောက်တော်မမူလျှင် ...

**မူမူဝင်း**

''ယခုမှာ ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူကြောင်းကို ဟောပြောရသည်ဖြစ်၍၊ သေသောသူတို့သည် ထမြောက်ခြင်းမရှိဟု သင်တို့တွင် အချို့သောသူတို့သည် အဘယ်ကြောင့် ဆိုရသနည်း။ သေသောသူတို့သည် ထမြောက်ခြင်းမရှိလျှင်၊ ခရစ်တော်သည် ထမြောက်တော်မမူ။ ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ ငါတို့ဟောပြောခြင်း၌ အကျိုးမရှိ၊ သင်တို့ယုံကြည်ခြင်း၌လည်း အကျိုးမရှိ။ ထိုမျှမက၊ ငါတို့သည် ဘုရားသခင်၏အမှုမှာ မမှန်သောသက်သေခံဖြစ်ကြ၏။

အကြောင်းမူကား၊ သေလွန်သောသူတို့သည် ထမြောက်ခြင်းမရှိလျှင်၊ ဘုရားသခင်သည် ခရစ်တော်ကို ထမြောက်စေတော်မမူ၊ ယခုမှာ၊ ခရစ်တော်ကို ထမြောက်စေတော်မူပြီဟု ငါတို့သည် ဘုရားသခင်၏အကြောင်းကို သက်သေခံကြ၏။ သေလွန်သောသူတို့သည် ထမြောက်ခြင်းမရှိလျှင်၊ ခရစ်တော်သည် ထမြောက်တော်မမူ။ ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ သင်တို့သည် ယုံကြည်သော်လည်း အကျိုးမရှိ၊ ဒုစရိုက်အပြစ်အောက်၌ ရှိကြသေး၏။

ထိုမှတစ်ပါး၊ ခရစ်တော်ကိုယုံကြည်၍ အိပ်ပျော်သောသူတို့သည် ဆုံးရှုံးခြင်းသို့ရောက်ကြပြီ။ ငါတို့သည် ခရစ်တော်ကိုအမှီပြု၍ ယခုဘဝ၌သာ မျှော်လင့်စရာရှိလျှင်၊ အခြားသောသူအပေါင်းတို့ထက် သာ၍ဆင်းရဲသောသူ ဖြစ်ကြ၏။''(၁ကော ၁၅း၁၂-၁၉)

၂၀၂၀ ခုနှစ်ဝင်လာသည်နှင့် Corona Virus (COVID 19) ပျံ့နှံ့လာပြီဆိုသည့်သတင်းက ကမ္ဘာတစ်ဝန်းလုံးအတွက် တုန်လှုပ်ခြောက်ခြားစရာ၊ စိုးရိမ်ထိတ်လန့်စရာများ ဖြစ်ခဲ့ရသည်။ တီဗီဖန်သားပြင်ပေါ်ကဖော်ပြနေသော ကိန်းဂဏန်းများက နေ့စဉ်နှင့်အမျှ ကိုဗစ်ကူးစက်လူနာ၊ သေဆုံးသူအရေအတွက်တို့က အံ့မခန်း၊ တစ်နိုင်ငံပြီးတစ်နိုင်ငံ လျင်လျင်မြန်မြန် ပျံ့နှံ့ရောက်ရှိသွားကြသည်။

ရုတ်တရက်ပေါ်လာသော ကပ်ရောဂါဆိုးကြီးအတွက် ကုသဆေး၊ ကာကွယ်ဆေးများကလည်း အလှမ်းဝေးနေကြဆဲဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြသည်။ မိသားစုများပင်လျှင် ဖက်လဲတကင်းမနေကြတော့။ တစ်ကမ္ဘာလုံး ငြိမ်ကျသွားသည်။ လူစုလူဝေးနှင့် သွားကြ၊ စားကြ၊ ပျော်ပါးကြ၊ ခရီးတွေထွက်ကြ. . . မရှိတော့ပါ။ ရယ်မောသံတွေအစား ငိုရှိုက်သံတွေ၊ ညည်းတွားသံတွေက နေရာယူလာကြသည်။ ထိုကပ်ရောဂါကြီးက တစ်လှိုင်းပြီးတစ်လှိုင်း နာမည်အမျိုးမျိုးတပ်လျက် အသွင်ပြောင်းဝင်ရောက်လာခြင်းကို လူသားထုများ အလူးအလဲခံခဲ့ကြရသည်ညာ။ ဩော်. . . ပြီးခဲ့ပါပြီ။ သို့သော်လည်း အငွေ့အသက်များကတော့ ရှိနေဆဲပါ။

၂၀၂၁–ခုနှစ် Delta COVID လှိုင်းကို သတိရမိသည်။ အလွန့်အလွန်ပြင်းထန်သည်။ အသက်ရှူစက်များ၊ အောက်စီဂျင်အိုးများ ပြတ်လတ်သွားသည်။ အလွန်ချစ်ရပါသော မိသားစုဝင်များ မမျှော်လင့်ထားဘဲ ဤလောကမှ နှုတ်ဆက်ထွက်ခွာသွားကြသည်။ စိတ်နှလုံးဖြေမဆည်နိုင်ဖြစ်ကြရသည်။ ယခုထက်တိုင် ထိုနှလုံးသားဒဏ်ရာများက အနာမကျက်နိုင်သေးပါ။ တမ်းတသတိရနေဆဲ၊ လွမ်းဆွတ်မိနေဆဲပါ။ တစ်ချိန်က အတူတူ ရယ်မော၊ စားသောက်၊ ပျော်ရွှင်၊ ကြင်နာယုယမှုများဖြင့် နွေးထွေးသောမိသားစုလေးက ယခုတော့ အေးစက်မှုများ၊ လွမ်းဆွေးစရာများနဲ့ ရက်စက်လှချည်လားဟု မျက်ရည်ဖြိုင်ဖြိုင်ကျလျက်. . .

မျှော်လင့်ချက်များ ဆုံးရှုံးသွားရပြီလား. . .

ချစ်ရသောသူတို့နှင့် ထာဝရဝေးကွာသွားရပြီလား၊ ပြန်လည်ဆုံတွေ့စရာအကြောင်း မရှိတော့ဘူးလား. . .

ဘယ်ကိုရောက်နှင့်နေပြီလဲ၊ အံ့သွားခဲကြိတ် ငိုကြွေးရာနေရာလား၊ ထာဝရသုခချမ်းသာဘုံလား. . .

သို့သော် သခင်ဘုရား၏ကတိစကားများနှင့် သမ္မာကျမ်းကတိတော်များက စိတ်နှလုံးနှစ်သိမ့်စရာအကြောင်း ဖြစ်စေပါသည်။ သခင်ယေရှုက ''ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်''(ယော ၁၁း၂၅)။ ''တစ်ဖန်တုံ ယေရှုက သင်တို့ စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်းယုံကြည်ကြလော့။ ငါ့အဘ၏အိမ်၌ နေစရာအခန်းများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲမနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏။ ငါသည်သွား၍ သင်တို့ပြင်ဆင်စရာအရပ်ကို ပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။''(ယော ၁၄း၃)

ယုံကြည်သောသူတို့အတွက် မျှော်လင့်ချက်မဆုံးရှုံးသေးပါ။ ရှင်ပြန်ထမြောက်တော်မူသော သခင်ဘုရား၏ကတိစကားများက ကျွန်ုပ်တို့၏ ပူဆွေးသောကနေရာ၌ ငြိမ်သက်ဝမ်းမြောက်ခြင်းအကြောင်းဖြစ်စေသည်။ ချစ်ရသောသူတို့နှင့် တစ်ဖန်ပြန်လည်ဆုံတွေ့ရဦးမည်။ သေခြင်း၌ လမ်းမဆုံးသေးပါ။ သခင်ဘုရားက ကျွန်ုပ်တို့အတွက် နေစရာအခန်းများကို သွားရောက်ပြင်ဆင်ထားနှင့်ပြီးဖြစ်သည်။ ဤလောကသည် ယာယီတဲသာဖြစ်သည်။ အို၊ နာ၊ သေခြင်းကင်းရာ ကောင်းကင်ရွှေပြည်အရပ်၌ ကျွန်ုပ်တို့၏မျက်ရည်များကို သခင်သုတ်ပေးပါလိမ့်မည်။

''နက်နဲသောအရာတစ်ခုကို ငါပြဦးမည်။ ငါတို့ရှိသမျှသည် အိပ်ပျော်ကြရမည်မဟုတ်။ သို့သော်လည်း နောက်ဆုံးသော တံပိုးမှုတ်သောအခါ၊ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌တည်လျက် ထမြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ယခုမျက်မှောက် ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ ဝင်စားရမည်။ ယခုမျက်မှောက် သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည်။ ဤပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့လည်းကောင်း၊ ဤသေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့လည်းကောင်း ဝင်စားသောအခါ သေခြင်းသည် အောင်ခြင်း၌နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက်ပြည့်စုံလိမ့်မည်။ အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း။ ငါတို့သခင် ယေရှုခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကိုပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်သည် ကြီးလှစွတကား။'' (၁ကော ၁၅း၅၂–၅၅)

ကျွန်ုပ်တို့သည် မျှော်လင့်ချက်မဲ့သူများမဟုတ်ပါ။ သေခြင်းမဋ္ဌမာန်ကို အောင်မြင်သောသခင်ဘုရားက တစ်နေ့ ပြန်လည်သိမ်းဆည်းသောအချိန်၌ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။

''ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှာ၊ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။''(၁သက် ၄း၁၆–၁၇)

ကျွန်ုပ်တို့လူသားများသည် သေခြင်းကို မလွန်ဆန်နိုင်ကြပါ။ ဤစကြဝဠာကြီးကို ပိုင်သအုပ်စိုးခဲ့ကြသော အာဏာရှင်များ၊ တန်ခိုးကြီးသောရှင်ဘုရင်များ၊ လူများကို သေစေ၊ ရှင်စေအမိန့်ပေးနိုင်သော မင်းများပင်လျှင် မိမိအသက်ဝိညာဉ်ကို မကယ်တင်နိုင်ခဲ့ကြပါ။ မိမိကိုယ်ကို ဘုရားဟုပြော၍ အံ့ဖွယ်နိမိတ်လက္ခဏာများကို



ပြုခဲ့ကြသူများ၊ ကောင်းသောကျင့်ကြံအားထုတ်မှုများပြု၍ လူအများကိုးကွယ်ခိုလှုံခဲ့ကြသူများသည်လည်း လူသားများပင်ဖြစ်သောကြောင့် သေခြင်းကို မလွန်ဆန်နိုင်ခဲ့ကြပါ။ သို့သော်လည်း ယေရှုခရစ်တော်သည် ဘုရားဖြစ်သောကြောင့် သေခြင်းမာန်ကို အောင်မြင်ခဲ့သည်။ ယုံကြည်သောသူတို့အတွက် အပါယ်မရဏာတံခါးပိတ်စေခဲ့ပြီ၊ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းကို မျက်မြင်သက်သေအများ ရှိခဲ့ကြသည်။ ခရစ်တော်သည် ကျမ်းစာလာသည့်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည့်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။ ကေဖသည် ကိုယ်တော်ကိုမြင်ပြီးမှ တစ်ကျိပ်နှစ်ပါးသောသူတို့သည် မြင်ရကြ၏။ ထို့နောက် ညီအစ်ကိုငါးရာမက တပြိုင်နက်မြင်ရကြ၏။ ဤသည်ကား ကျွန်ုပ်တို့လူသားများအတွက် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းဖြစ်သည်။

ခရစ်တော်သည် ထမြောက်တော်မမူခဲ့ပါက ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အကျိုးမရှိပါ။

ကျွန်ုပ်တို့သည် မမှန်သော သက်သေခံဖြစ်ကြမည်။

ကျွန်ုပ်တို့သည် ဒုစရိုက်အပြစ်အောက်၌ ရှိကြသေးမည်။

ထို့အပြင် ခရစ်တော်ကိုယုံကြည်၍ အိပ်ပျော်သောသူတို့အတွက်လည်း မျှော်လင့်ချက်မရှိခြင်း၊ ဆုံးရှုံးခြင်းသာဖြစ်မည်။

သို့သော်လည်း သေခြင်းကိုအောင်မြင်ခဲ့သော ယေရှုခရစ်တော်ဘုရားကြောင့်သာ ကျွန်ုပ်တို့ မျှော်လင့်ခြင်းရှိသည်။

ခရစ္စမတ်အချိန်အခါနှင့် ရှင်ပြန်ထမြောက်တော်မူရာနေ့ (Easter Sunday) က ယုံကြည်သူတို့အတွက် နေ့ထူးနေ့မြတ်ဖြစ်သည်။

ကျွန်ုပ်တို့လူသားများ မလွန်ဆန်နိုင်သော အပြစ်တရားနှင့် သေခြင်းတရား၏ စိုးမိုးမှုအောက်မှ ရွေးနုတ်ကယ်တင်ဖို့ရန်အတွက် ကောင်းကင်နန်းစည်းစိမ်ကိုစွန့်ပြီး အလွန်သိမ်ငယ်နှိမ့်ချစွာ လူ့ဇာတိခံ ဖွားမြင်ခြင်းကို ခံတော်မူလျက်၊ လူသားအပေါင်းတို့၏ အပြစ်များ ကိုယ်စားခံယူပေးဖို့ရန် ကားတိုင်လမ်းကိုလျှောက်ခဲ့သူ၊ ပြင်းပြစွာဝေဒနာခံစားလျက် ကျွန်ုပ်တို့၏အပြစ်ကြွေးများကို ဆပ်ပေးခဲ့သူ၊ သေပြီးနောက် သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်ခဲ့သူ ယေရှုကြောင့်သာ ကျွန်ုပ်တို့သည် မျှော်လင့်ချက် မဆုံးရှုံးတော့ပါ။ သေလွန်သော်လည်း ရှင်လိမ့်ဦးမည်၊ ချစ်ရသောသူတို့နှင့် တစ်နေ့ ပြန်လည်ဆုံတွေ့ကြရဦးမည်။ ထိုသခင်သည် ကျွန်ုပ်တို့အတွက် နေစရာအခန်းများကို ပြင်ဆင်ပေးထားပြီးဖြစ်သည်။ ထိုအရပ်သည် အို၊ နာ၊ သေခြင်း မရှိတော့ပါ။ စိတ်မသာညည်းတွားခြင်း၊ ပင်ပန်းခြင်းများလည်း မရှိတော့ပါ။ ကျွန်ုပ်တို့၏မျက်ရည်ရှိသမျှကို သုတ်ပေးတော်မူလိမ့်မည် (ဗျာ ၂၁း၃-၄)။ ထိုအရာများကို စဉ်းစားဆင်ခြင်မိသည့်အခါတိုင်း သခင်ဘုရား၏တန်ခိုးတော်နှင့် အတိုင်းအဆမရှိသော ချစ်ခြင်းမေတ္တာတော်ကို နက်နက်ရှိုင်းရှိုင်း ခံစားမိပါသည်။ ဘုရားသခင်သည်သာ ဘုန်းကြီး၍ မင်္ဂလာရှိပါစေ။

**မူမူဝင်း**





# ဘဝင်မြင့်သောဖိုးကြွား

ညီသျှိုင်းလူ

တစ်ခါက ယေရုရှလင်မြို့သို့သွားရာလမ်းရှိ ရွာတစ်ရွာမှာ မြည်းမွေးမြူတဲ့ ခြံတစ်ခြံရှိခဲ့တယ်။ အဲဒီခြံမှာခြံရှင်က မြည်းတွေအများကြီးမွေးမြူတာပေါ့။ မြည်းတွေထဲမှာမှ ''ဖိုးကြွား''ဆိုတဲ့ မြည်းတစ်ကောင်ရှိလေရဲ့။

ဖိုးကြွားဟာ သူ့ကိုယ်သူအထင်ကြီးပြီး၊ အမြဲတမ်း ဘဝင်မြင့်နေတတ်တဲ့ မြည်းတစ်ကောင်ဖြစ်တယ်။ သူကလည်း ခွန်အားဗလကြီးတော့ ဘယ်သူမှ သူ့ကိုလှန်မပြောရဲကြဘူး။ အကြွားသန်တဲ့သူနဲ့ ပြိုင်ပြီးမပြောချင်တာလည်း ဖြစ်ရင်ဖြစ်မှာပါ။ အမှား တစ်ခုခုလုပ်ခဲ့မိ၊ ကျုံ့ခဲ့မိရင်လည်း သူက ဝန်မခံဘူး။

တစ်ခါက သူဟာ လမ်းမှာမတော်တဆ ချော်လဲသွားတယ်။ သူချော်လဲတာကို ချော်လဲတယ်လို့ဝန်မခံဘဲ၊ ဝိုင်းကြည့်နေတဲ့ အခြားမြည်းတွေကို ''ကြည့်ကြ ... ဒါ ငါကမင်းတို့ကို သင်ကြားပေးလိုက်တဲ့ သင်ခန်းစာပဲ။ ဒီနေရာမှာ ဒီလိုသွားရင် ချော်လဲမယ်ဆိုတာ ငါသိတယ်။ ဒါပေမဲ့ မင်းတို့ကိုချော်မလဲအောင် ငါက စေတနာနဲ့ တမင်ပြလိုက်တာ''ဆိုတော့သတဲ့။ ဖိုးကြွားက အဲ့လိုမြည်းမျိုးဖြစ်တယ်။

အဲဒါတင်မဟုတ်ဘူး ... သူက တလွဲမာနကြီးတယ်ပေါ့။ သူက ''ငါက မင်းတို့လိုမဟုတ်ဘူး။ ခွန်အားဗလကြီးတယ်။ မင်းတို့က အကူအညီလိုရင်သာ လိုမယ်။ ငါကတော့ ဘယ်သူ့အကူအညီမှ မလိုအပ်ဘူး။ ငါ့ဘာသာ ကောင်းကောင်းရပ်တည်နိုင်တယ်'' လို့ အမြဲပြောလေ့ရှိတယ်။

ဒါတင်ဘယ်ကမလဲ၊ အဆိုးဆုံးက အသားလွတ်ဘဝင်မြင့်နေတဲ့ကိစ္စပဲ။ သူက ''မြည်းတွေထဲမှာ ငါ့ထက်သာတဲ့သူ၊ တတ်တဲ့သူ၊ မြင့်မြတ်တဲ့သူ တစ်ကောင်မှမရှိဘူး''ဆိုပဲ။

အားလုံးက သူ့ကိုမမြင်မကြည်ကြပေမဲ့၊ ဖက်ပြိုင်ပြီးဘာမှမပြောကြဘူး။ ရှင်းပြလည်း နားလည်မယ့်သူမျိုးမဟုတ်တဲ့အတွက် ဒီအတိုင်းပဲ လွှတ်ထားတဲ့သဘောပါ။

တစ်နေ့တော့ သူတို့မြည်းခြံထဲကို လူတစ်စုရောက်လာတယ်။

အဲဒီလူတွေက ''သခင်အလိုရှိတယ်''လို့ပြောနေသံကို ကြားရတယ်။ မြည်းခြံပိုင်ရှင်ကလည်း ပြုံးပြုံးလေးနဲ့ပဲ ''သခင် အလိုရှိရင် အလိုရှိသလိုယူသွားနိုင်ပါတယ်''လို့ ပြန်ဖြေသံကို ကြားရတယ်။ ဒီလိုနဲ့ အဲဒီလူတစ်စုဟာ မြည်းခြံထဲကိုဝင်လာပြီး ဖိုးကြွားကို ခေါ်ဆောင်သွားကြတော့တယ်။ အစက ဖိုးကြွားလည်း အရမ်းထိတ်လန့်သွားတယ်။ သူ့ကို သားသတ်သမားတွေ လာခေါ်သွားတာလားပေါ့။ အခြားမြည်းတွေကလည်း အဲလိုပဲ ထင်မိကြတယ်။ ဖိုးကြွားကို သနားနေကြတယ်ပေါ့။ ဖိုးကြွားဟာ မျက်နှာညှိုးငယ်စွာနဲ့ လူတစ်စု ခေါ်ဆောင်ရာကိုလိုက်သွားရသလို ကျန်ရစ်ခဲ့တဲ့မြည်းတွေကလည်း စိတ်မကောင်းစွာနဲ့ ငေးကြည့်နေကြရတော့တာပေါ့။

ဒီလိုနဲ့ ညနေစောင်းချိန်ရောက်လာတဲ့အခါမှာ မမျှော်လင့်ဘဲ ဖိုးကြွားတစ်ကောင် မြည်းခြံထဲကိုပြန်ရောက်လာပါလေရော။ သူ့မျက်နှာကိုကြည့်ရတာ ရွှင်လို့လန်းလို့၊ ပျော်နေတယ်ပေါ့လေ။ သိလိုက်ကြပါပြီ၊ ဖိုးကြွားရဲ့ကြွားလုံးတွေကို အလူးအလိမ့်ခံကြ ရတော့မယ်ဆိုတာ။



ထင်တဲ့အတိုင်းပါပဲ။ ဖိုးကြွားက ''ငါ ဘယ်ကိုရောက်သွားသလဲ သိကြသလား''လို့ ဝါကြွားတဲ့မျက်နှာနဲ့ စကားစလိုက် တယ်။ ဘယ်သူကမှ သူ့ကိုစကားပြန်မပြောတဲ့အတွက် ''ငါပြောပြမယ်'' ဆိုပြီး သူ့ကြွားလုံးတွေကို စတင်ပါတော့တယ်။

''အစကတည်းက ငါသိတယ်။ တစ်နေ့ကျရင် လူတွေက ငါ့ကိုချီးမြှောက်ပြီး ပွဲထုတ်တော့မယ်ဆိုတာ ငါကြိုသိတာပေါ့ကွာ။ ဒီနေ့ ငါ့ကိုလူတွေက ယေရုရှလင်မြို့ထဲကို ခေါ်သွားကြတယ်။ ငါနင်းမယ့်လမ်းတစ်လျှောက်မှာ အဝတ်တွေခင်းပေး၊ ငါ့ကိုဦး ညွှတ်အရိုအသေပေးလိုက်ကြတာ သောက်သောက်လဲပဲကွ။ အဲဒါကြောင့် မင်းတို့ကို ငါပြောခဲ့တယ်လေ၊ ငါက သာမန်ထက်ထူးတဲ့သူ၊ မြင့်မြတ်တဲ့သူဖြစ်တယ်လို့။ အခုတော့ ယုံကြပြီမဟုတ်လား''

သူ့စကားဆုံးတော့ မြည်းတွေက သူ့ကို တအံ့တသြဝိုင်းကြည့်ကြတယ်။ ဖိုးကြွားကတော့ ကျေနပ်နေတာပေါ့။

အဲဒီအချိန်မှာ မလှမ်းမကမ်းမှာ ကောက်ရိုးတွေကို တမြုံ့မြုံ့စားနေတဲ့ မြည်းအိုကြီးက သူ့တို့စကားဝိုင်းဘက်ကိုလှည့်လာပြီး ''နေပါဦး ... ယေရှုရှလင်မြို့ထဲကို မင်းတစ်ကောင်တည်းဝင်သွားတာလား။ မင်းကိုစီးတဲ့သူရှိလား''လို့ မေးလိုက်တယ်။

ဖိုးကြွားက ''အင်း ... လူတစ်ယောက်ကတော့ ကျုပ်ကို စီးတာပေါ့။ သူ့နာမည်က ယေရှုတဲ့''လို့ ပြောလိုက်တယ်။

အဲဒီအခါ မြည်းအိုကြီးဟာ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး ''ထင်တော့ထင်သား။ ဟား၊ ဟား၊ ဟား ... ''လို့ ပြောလိုက်တယ်။ အတန်ကြာရယ်မောပြီးနောက် မြည်းအိုကြီးဟာ အရယ်ရပ်လိုက်ပြီး ဖိုးကြွားကို ဒီလိုပြောလိုက်ပါတော့တယ်။

''ဖိုးကြွား ... ခါတိုင်း မင်းကြွားတိုင်း၊ ဘဝင်မြင့်တိုင်း ငါ ဝင်ပြောတာမျိုးမရှိဘူး။ ဩော် ... ငယ်ရွယ်သေးလို့ မသိသေးတာပဲ၊ အသက်အရွယ်ကြီးလာရင် သူ့ဘာသာသိလာပါလိမ့်မယ်ဆိုပြီး မျက်နှာလွှဲနေခဲ့တာပါ။ အခုတော့ ပြောမှဖြစ်တော့မယ်။ ဘာကြောင့်လဲဆိုတော့ အခုမပြောရင် မင်းက ဆက်တိုက်လမ်းလွဲတော့မှာမို့လို့ပဲ။ မနက်က မင်းကိုလူတွေလာခေါ်တော့ သားသတ်သမားတွေထင်ပြီး မင်းထိတ်လန့်ခဲ့တာ ငါမြင်တာပေါ့။ ငါကလည်း အဲလိုထင်ပြီး စိတ်မကောင်းဖြစ်နေခဲ့တာ။ အခုတော့ မင်းဟာ အင်မတန်ကျေးဇူးတော်ခံစားရတဲ့သူ ဖြစ်သွားခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ မင်းကိုစီးသွားတဲ့သူဟာ ဟိုးအရင်ကတည်းက ပရောဖက်ပြုထားတဲ့ လူသားတွေကိုကယ်တင်မယ့် ကယ်တင်ရှင်ဖြစ်နေလို့ပဲ။ ယေရုရှလင်မြို့ကို မင်းတို့ဝင်သွားတဲ့အချိန်မှာ လမ်းမှာ အဝတ်တွေခင်းကြတာ၊ ဦးညွှတ်ကြတာ၊ ကြိုဆိုကြတာဟာ မင်းအတွက်မဟုတ်ဘူး။ မင်းကိုစီးတဲ့ သခင်ယေရှုအတွက် လုပ်ဆောင်ကြတာကွဲ့။ ဒါကို မင်းက တလွဲထင်ပြီး မင်းအတွက်လုပ်တယ်လို့ထင်တော့ တော်တော်လွဲသွားတော့တာပဲ။ ဖိုးကြွားဟာ ဖိုးကြွားပဲ၊ ဘာမှမပြောင်းလဲဘူး။ ဒါပေမဲ့ သခင်ယေရှုက မင်းကိုစီးလိုက်တဲ့အတွက် မင်းအနေအထားက ပြောင်းလဲသွားတာဖြစ်တယ်။ ဒါကို နားလည်ဖို့ လိုတယ်။ လက်ခံပြီး နှိမ့်ချစွာအသက်ရှင်ဖို့ လိုတယ်''

မြည်းအိုကြီးရဲ့စကားအဆုံးမှာတော့ ဖိုးကြွားတစ်ကောင် ဘာမှမပြောနိုင်တော့ဘဲ ခေါင်းကိုသာငုံ့နေပါတော့တယ်။

အဲဒီအချိန်ကစပြီး ''ဖိုးကြွား''ဆိုတဲ့မြည်းကလေးမှာ ကြွားဝါခြင်း၊ မာနကြီးခြင်း၊ ဘဝင်မြင့်ခြင်းဆိုတဲ့ မနှစ်မြို့ဖွယ်အသက်ရှင်မှုတွေကို မတွေ့ရတော့ဘဲ လွန်စွာနှိမ့်ချတတ်တဲ့သူအဖြစ် မြင်တွေ့ရပါတော့တယ်။

**ညီသျှိုင်းလူ**

# ချီးမွမ်းစရာသုံးလတာ

''ငါ၌ ထာဝရဘုရားပြုတော်မူသော ကျေးဇူးအလုံးစုံတို့ကို အဘယ်သို့ဆပ်ရမည်နည်း'' (ဆာလံ ၁၁၆း၁၂)

၂၀၂၅ ခုနှစ်၊ မတ်လထိတိုင်ပို့ဆောင်လျက် ကောင်းကြီးပေးတော်မူသော ဘုရားသခင်၏နာမတော် သာ၍ဘုန်းကြီးပါစေ။ ၂၀၂၅ ခုနှစ်၏ သုံးလတာအတောအတွင်း ဘုရားရှင်လုပ်ဆောင်ပေးခဲ့တဲ့ ကောင်းကြီးများစွာထဲက ဆင်ခြင်မိတဲ့အရာများကို ကျေးဇူးတင်ချီးမွမ်းရင်း ပြန်လည်ဝေငှလိုပါတယ်။ မြန်မာပြည်ခရစ်တော်၏သာသနာ့အကျိုးဆောင်အဖွဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် Ministry Expansion Team (MET, Chiang Mai) နှင့်အတူ ပြည်တွင်းရှိ လုပ်ဖော်ဆောင်ဖက်များနှင့်လက်တွဲလျက် စိန်ခေါ်မှုအမျိုးမျိုးရှိနေလင့်ကစား၊ ဘုရားရှင်၏မစကွယ်ကာခြင်း၊ နှုတ်ကပတ်တော်၌အမှီပြုခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ ခွန်အားတန်ခိုးအားဖြင့် အောက်ပါချီးမွမ်းစရာများ ထွက်ပေါ်ခဲ့ပါသည်။

– ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ကျွန်မတို့၏အမှုတော်ဆောင် ဆရာဒေ့ဗ်ဖိုးဂေးနှင့် ဆရာမအေးမြတ်ငြိမ်းတို့အတွက် သမီးဦးလေး နော်အယ်နာလီဖိုးဂေးကို ကောင်းမွန်စွာ ခွဲစိတ်မွေးဖွားခွင့်ရရှိခဲ့ပါတယ်။

– ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် Valentine's day ကိုအကြောင်းပြုပြီး ခရစ်ယာန်မဟုတ်သူ ကျောင်းသား/သူ (၁၁)ဦးအား ဘုရားမေတ္တာအကြောင်း တင်ဆက်ခွင့်ရခဲ့ပါတယ်။

– အပတ်စဉ် 2F မိတ်သဟာယအစီအစဉ်တွင်လည်း ခရစ်ယာန်ကျောင်းသား/သူအသစ်များနှင့်အတူ ၎င်းတို့၏သူငယ်ချင်းအသစ်များကိုလည်း ဘုရားရှင်ပို့ဆောင်ပေးပါတယ်။

– အပတ်စဉ် တစ်ပတ်လျှင်(၂)ကြိမ် တက္ကသိုလ်(၂)ခုသို့သွားရောက်၍ ဝမ်းမြောက်ဖွယ်ဧဝံဂေလိသတင်းစကားပြောခြင်းနှင့် ခရစ်ယာန်အခြေခံယုံကြည်ချက်များကိုတည်ဆောက်ပေးသော သမ္မာကျမ်းစာလေ့လာခြင်း အစီအစဉ်များတွင်လည်း နုနယ်သူယုံကြည်သူလူသစ်တို့ တိုးပွားလျက်ရှိနေပါတယ်။

– ''အချင်းချင်းစည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။'' (ဟေဗြဲ ၁၀း၂၄–၂၅)။ အမိန့်တော်ကိုနာခံလျက် ခရစ်တော်၏ကိုယ်ခန္ဓာတည်းဟူသော ရုပ်ပါရုံချင်းတူသော အသင်းတော်များနှင့် မိတ်ဖက်လက်တွဲလုပ်ဆောင်ခွင့်ကိုလည်း ကျေးဇူးတော်အားဖြင့်ရရှိပါတယ်။

– မိမိတို့ယုံကြည်ခြင်းကို လူရှေ့၊ ဘုရားရှေ့သက်သေပြုရန် ရေနှစ်ခြင်းမင်္ဂလာခံယူမည့်သူနှစ်ဦးကိုလည်း ဘုရားရှင်ပြဆင်ပေးပါတယ်။

– Life Objective Seminar (L.O.S) သင်တန်းအားဖြင့် အချိန်ပြည့်အမှုတော်ဆောင်အဖြစ် ဆက်ကပ်ပါဝင်မည့်သူနှစ်ဦး၊ စေတနာဝန်ထမ်းအဖြစ်ပါဝင်မည့် (၆)ဦးကို ဘုရားရှင်ပြင်ဆင်ပေးပါတယ်။

– MET team အနေဖြင့် Digital အားဖြင့် လူပေါင်း(၅၁၇၇)ဦးအား ဧဝံဂေလိတင်ဆက်ခွင့်နှင့်အတူ ကိုယ်တိုင်သက်သေခံခြင်းတွင်လည်း (၂၈၆)ဦး၊ သမ္မာကျမ်းစာလေ့လာခြင်းအစီအစဉ်တွင်လည်း (၄၅)ဦးတို့ကို ဘုရားရှင်ပြင်ဆင်ပေးပါတယ်။

ဆက်လက်၍လည်း ဝိညာဉ်ရေးရာရိတ်သိမ်းပွဲအတွက် လိုအပ်လျက်ရှိသော လုပ်သားအင်အားနှင့် အရင်းအမြစ်များအတွက် ကျွန်မတို့ တောင်းပန်ကြံစည်တာထက် ဘုရားရှင် သာ၍ပြင်ဆင်ပေးဦးမည်ကို ယုံကြည်မျှော်လင့်လျက် ဘုရားရှင်ပြုခဲ့သောကျေးဇူးများကို ပြန်လည်ဝေငှချီးမွမ်းပါတယ်။ ဘုရားရှင်၏နာမ သာ၍ဘုန်းကြီးပါစေ။

အမှုတော်မြတ်၌ သင်တို့၏လုပ်ဖော်ဆောင်ဖက် . . .

**နော်သဘလေးဝါး**










# လည်းကူးမြို့နယ် ဧဝံဂေလိဝေငှနည်းသင်တန်း

လှည်းကူးမြို့နယ် ဝက်အင်းပေါက်ကျေးရွာတွင် ဧဝံဂေလိဝေငှနည်းသင်တန်းကို (၃၁.၁.၂၀၁၅)တွင် ပြုလုပ်ခွင့်ပေးသော ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ တတ်ရောက်သူများမှာ– သင်းအုပ်ဆရာ၊ သင်းထောက်များအပါအဝင်၊ အမျိုးသား၊ အမျိုးသမီးများနှင့်လူငယ် စုစုပေါင်း (၃၈)ယောက်တက်ရောက်ခဲ့ကြပါသည်။ သင်တန်းအချိန်မှာ နံနက်(၉)နာရီမှညနေ(၃)နာရီအထိ ဖြစ်ပါသည်။ ခရစ်တော်အသင်းတော်၌ ကြီးမှူးကျင်းပခြင်းဖြစ်ပါသည်။ ‘‘မြို’’လူမျိုးအမှုတော်ဆောင်များ တက်ရောက်ခဲ့ကြပါသည်။ သူတို့ကိုယ်တိုင်လည်း ဘုရားသခင်၏မေတ္တာနှင့်အကြံအစည်တော်ကို နှစ်ယောက်တစ်တွဲဝေငှပြီး လက်တွေ့လုပ်ဆောင်ခဲ့ကြပါသည်။ ၎င်းပတ်ဝန်းကျင်ရှိအိမ်ထောင်စုများနှင့် ပတ်ဝန်းကျင်ရှိ အခြားသောဘာသာဝင်များအား ပြန်လည်သက်သေခံနိုင်ရန် ဖြစ်ပါသည်။ ၎င်းတို့အသီးသီး၏သာသနာပြုခြင်း၌ ဧဝံဂေလိတရားတော်ကို ထိရောက်စွာဝေငှနေကြပါသည်။ ‘‘လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ ဘုရားသခင် အလိုတော် ရှိ၏’’ (၁တိ ၂း၄)။

ဆက်လက်ဆုတောင်းပေးရန်မှာ– ဝက်အင်းပေါက်နှင့် အခြားသောပတ်ဝန်းကျင်ရှိ မယုံကြည်သူများသည် ခရစ်တော်ကို ယုံကြည်လက်ခံပြီးသည့်နောက် ဆပွားတိုးတပည့်တော်များဖြစ်လာရန် ဆုတောင်းပေးဖို့ ဖြစ်ပါသည်။ ဝိညာဉ်ရေးရာနိုးထသော အသင်းတော်များတိုးပွားလာရန်အတွက် ပြုစုပျိုးထောင်ခြင်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် ရှိပါသည်။ ‘‘မြို’’လူမျိုးများတွင် ဝိညာဉ်ရေးရာလှုပ်ရှားမှုများပေါ်ပေါက်၍ ဧဝံဂေလိဟောပြောတတ်သောအားဖြင့် နိုးထသောအသင်းတော်များပေါ်ပေါက်လာရန် ဆက်လက်လုပ်ဆောင်ရမည့်အစီအစဉ်များ ဘုရားသခင်လမ်းပြကောင်းချီးပေးရန် သက်သေခံဝေငှပါသည်။ တစ်နေ့တာသင်တန်းအစီအစဉ်တွင် ပါဝင်သော ဆရာ၊ ဆရာမများမှာ– ဆရာမသီဂီညွန့်၊ ဆရာမမိုင်သိန်းရင်၊ ဆရာမထုမိုင်၊ ဆရာအောင်အောင်မြတ် တို့ဖြစ်ပါသည်

**ဆရာမမိုင်သိန်းရင်**







# GCM team ၏ လှုပ်ရှားမှုများ

ရှေးဦးစွာ ၂၀၂၅ ခုနှစ်မှစ၍ GCM team အနေဖြင့် နိုင်ငံတော်သာသနာရူပါရုံပေးခြင်းနှင့် နောက်ဆက်တွဲသင်တန်းများကို မန္တလေးအင်္ဂလီကန်အသင်းတော်တွင် (၂)ကြိမ်ပြုလုပ်ခွင့်ရခဲ့ပါသည်။ ဇန်နဝါရီလတွင် ပြုလုပ်ခွင့်ပေးပြီး မြန်မာပြည်အလယ်ပိုင်းအတွက် သာသနာကွင်းအသစ်များကို စတင်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ဖေဖော်ဝါရီလတွင်လည်း မဲဆောက်တွင် အသင်းတော်ပေါင်းစုံမှ သင်းအုပ်သာသနာခေါင်းဆောင်များကို နိုင်ငံတော်သာသနာရူပါရုံဖွင့်ပေးခြင်း၊ တက်ဘလက်(Tablet)နည်းပညာအားဖြင့် ဧဝံဂေလိဝေငှနည်းသင်တန်းများ လုပ်ဆောင်ခွင့်ရခဲ့ပါသည်။ မတ်လ ပထမအပတ်တွင်လည်း မန္တလေး MYC အသင်းတော်မှ အမျိုးသမီးအား သစ်လောင်းသင်တန်းကိုလည်း ထပ်မံပြုလုပ်ခွင့်ရခဲ့သောကြောင့် ကျေးဇူးတော်အထူးပင်ချီးမွမ်းကြောင်း သတင်းလွှာများအားဖြင့်ဖော်ပြလျက် ဆုတောင်းပေးသူ၊ ပေးလှူပါဝင်သူများအားလုံးကို ကျေးဇူးတင်ကြောင်း ဖော်ပြပါသည်။

**ဆရာမမိုင်ဖြူဖြူအောင် (GCM)**



